ND-Burma



# စစ်ရာဇဝတ်မှုများအတွက် နိုးထခြင်း

## ၂၀၂၁



# နိဒါန်း

မြန်မာစစ်တပ်၏ အရပ်သားများအပေါ် တိုက်ခိုက်မှုကြောင့် ဆယ်စုနှစ်နှင့်ချီ၍ မရပ်မနားဖြစ်နေခဲ့သော ပြည်တွင်းစစ်တလျှောက် လူ့အသက်ပေါင်းများစွာကို ထိခိုက်သေကြေစေခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းလိုက်ချိန်မှစပြီး ပြည်သူတို့အပေါ် စနစ်တကျ ကျူးလွန်မှုများကြောင့် မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ၏ဘဝနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပိုမိုဆိုးရွားလာခဲ့သည်။ သွေးခွဲတတ်သကဲ့သို့ကောက်ကျစ်လှည့်ဖြားမှုလည်းရှိသည့် စစ်ဗိုလ်ချုပ်များသည်တိုင်းပြည်ကို အုပ်ချုပ်ခွင့်ရှိသည်ဟု ထင်မြင်ပြီး ၎င်းတို့စိတ်ကြိုက် မူကြမ်းရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပင် လိုသလိုအသုံးပြုပြီး အာဏာရရှိရန် ကြိုးကိုင် ခြယ်လှယ်ခဲ့သည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တုန့် ပြန်သည့်အနေဖြင့် နိုင်ငံအဝှန်း ပြည်သူများ လမ်းပေါ်ထွက်၍ ငြိမ်းချမ်းစွာဆန္ဒပြပြီး ဒီမိုကရေစီနည်းကျရွေးကောက်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား အာဏာလွှဲအပ်ရန် တောင်းဆိုကြသည်။

စစ်အာဏာရှင်တို့က နိုင်ငံနှင့်အဝှန်း စစ်ဆင်ရေးများ တိုးမြှင့်ခဲ့ပြီး အပြစ်မဲ့ ပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ တက်ကြွလှုပ်ရှားသူများ၊ ရွေးကောက်ခံလွှတ်တော်ကိုယ် စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားညီ ညွတ်ရေးအစိုးရ (NUG) က ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် စစ်အာဏာရှင်တို့အား ခုခံသောစစ်ကို ဆင်နွှဲပြီဖြစ်ကြောင်း တရားဝင်ကြေငြာခဲ့သည်[၁]။ လက်နက်ကိုင်တိုက် ပွဲအတွက် တက်ကြွလှုပ်ရှားသည့် လူငယ်များဖြင့် လေ့ကျင့်ဖွဲ့စည်းထားသည့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ (PDF) များသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)နှင့် ပူးတွဲ တိုက်ပွဲဝင်လျှက်ရှိသည်။ ပြင်းထန်သည့် တိုက်ပွဲများကြောင့် အရပ်သားများ တိုက်ပွဲအတွင်း ပိတ်မိခြင်းအပါအဝင်နှစ်ဖက်တပ်များအကြား ထိခိုက်သေဆုံးမှုများ များပြားလာသည်။ အောက်တိုဘာလတွင် တိုက်ပွဲများကြောင့်ထွက်ပြေးတိမ်းရှောင်ရသည့် လူဦးရေ ၂၁၉,၀၀၀ အပါအဝင် လူဦးရေ ၃ သန်းခန့် (အမျိုးသမီးနှင့် ကလေးများ အပါအဝင်) မှာ အသက်ရှင်ရပ်တည်ရေးအတွက် အထောက်အပံ့ အကူအညီများ အကြီးအကျယ် လိုအပ်နေသည်[၂]။

၁။ “Myanmar's Shadow Government Announces 'Defensive War'” Voice of America, 8 September 2021
၂။ Myanmar – Humanitarian Snapshot (October 2021), United Nations Office for the Coordination of Humanitarian Affairs, 18 October 2021

စစ်အာဏာရှင်တို့က NUG နှင့် PDF တို့အား အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေငြာခဲ့ပြီး ၎င်းအဖွဲ့များ၏ တရားဝင်မှုရရှိစေရန် ကြိုးပမ်းမှုအား ပျက်စီးစေရန် လုပ်ဆောင်ခဲ့သည်[၃]။ ထိုသို့ကြိုးပမ်းမှု မအောင်မြင်ကြောင်းကို စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးဥပဒေ၊ စံသတ်မှတ်ချက်နှင့် အခြေခံမူများကို မည်သို့ချိုးဖောက်နေသည်ဆိုသည့် သက်သေများက ပြသနေသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ခရစ်စတီးရှနာဘာဂျီနာ (Christine Schraner Burgener) က မြန်မာစစ်တပ်ခေါင်းဆောင်နှင့် အာဏာသိမ်းမှုကို ဦးဆောင်သူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ရာထူးမှထုတ်ပယ်ရန် တောင်းဆိုခဲ့သည်[၄]။ ထိုရပ်တည်ချက်ကို ထပ်လောင်းထင်ဟပ်မှုအဖြစ် မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် တွမ်အမ်ဒရူး (Tom Andrews) က မြန်မာ ပြည်သူလူထုနှင့်အတူ ရပ်တည်ကြရန် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ထပ်ကာ ထပ်ကာ တောင်းဆိုခဲ့သည်[၅]။

နွေဦးတော်လှန်ရေး အစတွင် လမ်းပေါ်ထွက်ဆန္ဒပြသည့် ပြည်သူများသည် စစ်အာဏာရှင်တို့၏ အကြမ်းဖက်ဖြိုခွဲသည့် အန္တရာယ်ကိုရင်ဆိုင်၍ အမှန်ကို ထုတ်ဖော်ကြသည်။ မြန်မာ့ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်သူများ ၎င်းတို့အသက်ကိုပင် ပဓာနမထားပေးဆပ်သွားသကဲ့သို့ ထောင်နှင့်ချီသည့် တက်ကြွလှုပ်ရှားသူများမှာလည်း ဖမ်းဆီးခံရသည်။ တိုင်းရင်းသား အသီးသီး၊ ကျား-မ မရွေး၊ လူမှုစီးပွားရေး အမျိုးမျိုးနောက်ခံရှိသူများသည် စစ်အာဏာရှင်တို့အား ဆက်လက်ဆန့်ကျင်၍ ၎င်းတို့၏ အသက်ရှင် ရပ်တည်မှုကို ဖျက်ဆီးနေမှုအပေါ် တာဝန်ယူ တာဝန်ခံရန် တောင်းဆိုနေကြသည်။

ယခုအစီရင်ခံစာ ပြုစုနေသည့်အချိန်တွင် စစ်အာဏာရှင်တို့၏ လက်ချက်ဖြင့် အနည်းဆုံး ပြည်သူ ၁၂၀၀ မှာ ဖေဖော်ဝါရီလမှစပြီး သတ်ဖြတ်ခံရ၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူ ၁၀၀၀၀ ကျော်အဖမ်းခံရသည်။ ထိုသေဆုံးသူ အရေအတွက်မှာ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာတဝှန်း နိုင်ငံအဆင့် တပ်များ၏ သတ်ဖြတ်မှုကြောင့် သေဆုံးရသူ ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် ဆန္ဒပြသူများအား သတ်ဖြတ်မှုအများဆုံး နိုင်ငံဖြစ် နေသည်[၆]။ သေဆုံးသူ အနည်းဆုံး ၂၀ ရာခိုင်နှုန်းမှာ ဆန္ဒပြနေစဉ် စစ်အာဏာရှင်တပ်များ၏ အင်အား အလွန်ကျွံသုံးပြီး ဦးခေါင်းကိုပစ်ခတ်ခံရ၍ သေဆုံးကြခြင်းဖြစ်သည်[၇]။ ကုန်ဆုံးသွားသည့် ကာလအတွင်း အကြမ်း ဖက်မှုများ လျော့နည်းသွားခြင်းမရှိပေ။ ပြည်သူများ၏ ဘဝအေးချမ်းသာယာ လုံခြုံစိတ်ချရမှုမှာ စိုးရိမ်ပူပန်စရာ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိနေသည်။ စစ်အာဏာရှင်တို့၏ ပြင်းထန်သည့် အကြမ်းဖက် လုပ်ရပ်များကို ဆယ်စုနှစ်များနှင့်ချီ၍ ဖိနှိပ်ရက်စက်မှုများကိုခံခဲ့ရသည့် တိုင်းရင်းသားများမှာ တွေ့ကြုံခံစား ကျွမ်းဝင်ပြီးသားဖြစ်သည်။

ချင်းနှင့် ကချင်ပြည်နယ်များတွင် နေ့စဉ်ဘဝရှင်သန်မှုမှာ အထူးသဖြင့် အရပ်သားများအတွက် စိန်ခေါ်မှု အပြည့်နှင့်ဖြစ်သည်။ လက်နက်ကိုင် ခုခံ

၃။ "CRPH, NUG, PDF, and their associated organizations are "terrorist groups": SAC on State TV," Eleven Myanmar, 9 May 2021
၄။ Remarks by Ms. Christine Schraner Burgener, Special Envoy of the Secretary-General on Myanmar General Assembly Third Committee Interactive Dialogue 22 October 2021. See in full here.
၅။ Remarks by Thomas H. Andrews, UN Special Rapporteur on the situation of human rights in Myanmar, General Assembly of the United Nations, New York, New York USA. See in full here.
၆။ "Deadly Demonstrations: Fatalities from State Engagement on the Rise," The Armed Conflict Location & Event Data Project
၇။ "Myanmar military junta warns protesters risk being shot in the head or back," ABC News, 27 March 2021

သည့် PDF အဖွဲ့များ ဖွဲ့စည်းပေါ်ပေါက်လာပြီး မြန်မာ စစ်တပ်က စစ်ဆင်ရေးများ တိုးချဲ့ခဲ့သည်။ စစ်ကိုင်းတိုင်း ဒေသကြီးသည်လည်း စစ်အာဏာရှင်တို့၏ ဖြတ်လေး ဖြတ် စီမံကိန်းအပါအဝင် အကြမ်းဖက်မှုကို ပြင်းပြင်း ထန်ထန်ခံရသည်။ စစ်မက်ဖက်ပြိုင်တိုက် နေသည့် အဖွဲ့ များအား ရိက္ခာ၊ လူသစ်၊ သတင်းအချက်အလက်နှင့် ငွေ ကြေးရံပုံငွေမရရှိစေရန် စစ်တပ်မှ ကာလကြာ ရှည်ကျင့် သုံးသည့် ဗျူဟာဖြစ်သည်။ စစ်အာဏာရှင်တပ်များက ရွာများသို့ ဝင်ရောက်၍ ဖျက်ဆီး၊ ခိုးယူခြင်း၊ ညှဉ်းပန်းနှိပ် စက်ခြင်းနှင့် ဥပဒေမဲ့လက်လွတ်စပယ် သတ်ဖြတ်မှုများ ကြောင့် ဒါဇင်နှင့်ချီသည့် ရွာသားများ အသတ်ခံရသည်။

# အစီရင်ခံစာ ရေးသားသည့် နည်းနာ

စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ပြစ်မှုများကို သတင်းမီဒီယာ၊ အစီရင်ခံစာများကို သုတေသနပြုလုပ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့် အဖွဲ့ဝင်များ၏ အချက်အလက်များကို စုဆောင်းအသုံးပြု၍ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ), (ND–Burma)မှ ရေးသားပြုစုသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ ချင်းပြည်နယ်၊ ကယား (ကရင်နီ) ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက် ပျမ်းမျှခြင်းအားဖြင့် ၃၀–၄၀ ခန့်ကို စုဆောင်းခဲ့သည်။ စစ်အာဏာရှင်တပ်များ၏ လူ့အခွင့် အရေးချိုးဖောက်မှုများသည် သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ လက်စတုံးဖျောက်ဖျက်ခြင်းနှင့် ပြည်သူလူထု၏ပစ္စည်း ဥစ္စာပိုင်ဆိုင်မှုအား လုယက်ဖျက်ဆီးခြင်း အပါအဝင် ဂျီနီဗာကွန်ဗန်းရှင်းအား ချိုးဖောက်မှု ရှိ၊ မရှိသုံးသပ်ထားသည်။ အထူးသဖြင့် ND–Burma အဖွဲ့ဝင်ချင်း လူ့အခွင့်အရေးအဖွဲ့ (CHRO) သည် စစ်တပ်မှ ကျူးလွန်သည့် ကြောက်မက်ဖွယ်အကြမ်း ဖက်မှုများကို အထောက် အထားအတိအကျဖြင့် စုဆောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြစ်ဒဏ်ကင်း လွတ်ခွင့် အလေ့အထသည် စစ်သားများအား မည်သည့် တာဝန်ယူ တာဝန်ခံမှုမရှိစေရန် ကာကွယ်ပေးထားသည်ဟု မှတ်ယူထားသည့်အတွက် စစ်အာဏာရှင်တပ်များ မှလူမဆန်သည့် လုပ်ရပ်များ ကျူးလွန်နေသည်ကို သာဓက အဖြစ် တွေ့မြင်ရသည်။


နောက်ဆက်တွဲ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် ကွန်ဗင်းရှင်းအရ အကာအကွယ်ပေးရန် ဖော်ပြထား သည့် လူပုဂ္ဂိုလ် သို့မဟုတ် ပိုင်ဆိုင်မှုများကိုဆန့်ကျင်တိုက်ခိုက်မှုမပြုရန် ဖော်ပြထားသည့် ဂျီနီဗာကွန်ဗန်းရှင်းကို အကြီးအကျယ် ချိုးဖောက်ခြင်းသည် စစ်ရာဇဝတ်မှုဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်[၈]။ တမင်တကာ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စစ်ပွဲကာလအတွင်း အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ရည်ရွယ်ချက်ရှိရှိ ဖယ်ရှားပိတ်ပင်ခြင်းတို့ အပါအဝင်ဖြစ်သည်[၉]။ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ပြစ်မှု (CAH) ဆိုသည်မှာ အရပ်သားပြည်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် လူ့အခွင့်အရေး ပြဋ္ဌာန်း ချက်များအပေါ် စနစ်တကျ တိုက်ခိုက်မှု၏ အစိတ်အပိုင်းဖြစ် ကျူးလွန်ခြင်းဖြစ်သည်။

---

၈။ How "grave breaches" are defined in the Geneva Conventions and Additional Protocols, International Committee of the Red Cross
၉။ Geneva Conventions of 1949 and Additional Protocols, and their Commentaries, International Committee of the Red Cross

နိုင်ငံသားတို့၏ လွတ်လပ်ခွင့်နှင့် အကာအကွယ်ပေးရန် ဖော်ပြထားမှုတို့အပေါ် အကြီးအကျယ်ချိုးဖောက်သည့် ဖြစ်ရပ်များကို သတင်းနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ထုတ်ပြန်မှုများအပေါ် ကောက်ချက်ဆွဲဖော်ပြထားသည်။ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားသော ကောင်းမွန်သည့်ဘဝကို နိုင်ငံသားအားလုံး ရရှိခံစားနိုင်စေရန် နိုင်ငံတော်အနေဖြင့် တာဝန်ရှိသည်။ မြန်မာစစ်တပ်အနေဖြင့် အကြီးအကျယ် အရေးနိမ့်ကျရှုံးနေပြီး ထိုသို့ဆောင်ရွက်နိုင်သည့် အစွမ်းအစမရှိပေ။

အလွန်တရာ စိုးရိမ်ရသည့် အခြေအနေအောက်တွင် လူ့အခွင့်အရေးမှတ်တမ်းတင်ခဲ့သည့် ND-Burma အဖွဲ့ဝင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများအား ကျေးဇူးဥပကာရ တင်ရှိပါသည်။ အဆိုပါအဖွဲ့များ၏ စွမ်းစွမ်းတမံ လုပ်ဆောင်မှုများသည် စစ်အာဏာရှင်များ ကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ပြစ်မှုများအတွက် တာဝန်ယူ တာဝန်ခံမှုရှိစေရန် မရှိမဖြစ်လိုအပ်ပါသည်။



# အပိုင်း (၁) ချင်းပြည်နယ်

## ချင်းပြည်နယ် အခြေအနေ အကျဉ်းချုပ်

ချင်းပြည်နယ်တွင် စစ်တပ်မှ လပေါင်းများစွာ အင်အားတိုးချဲ့ချထား နိုမ်နှင်းခဲ့သည်။ ချင်းပြည်နယ်ရှိ ဖမ်းဆီးခံ ဆန္ဒပြသူများအား လွှတ်ပေးရန်တောင်းဆိုမှုကို စစ်အာဏာရှင်များက ငြင်းဆို၍ ခြိမ်းခြောက်မှုကို တုန့်ပြန်ရန် အတွက် စတင်ဖွဲ့စည်းခဲ့သည့် ချင်းကာကွယ်ရေးတပ် (CDF) အပါအဝင် အရပ်သားများ ဦးဆောင်သည့် ကာကွယ်ရေးတပ်များ (PDFs) ပေါ်ပေါက်လာသည်။ ဟားခါးရှိ ပြည်နယ်အဆင့် အစိုးရဝန်ထမ်း ၉၅ ရာခိုင်နှုန်းကျော်နှင့် ပြည်နယ်အစိုးရတွင် တာဝန်ထမ်းဆောင်နေသူ ၇၁ ရာခိုင်နှုန်းတို့မှာ အကြမ်းမဖက် အာဏာဖီဆန်ရေး (CDM) လှုပ်ရှားမှုတွင် ပါဝင်ကြပြီး ၎င်းတို့အပါအဝင် ဒီမိုကရေစီရေး လှုပ်ရှာသူများအား ချင်းပြည်သူလူထုမှ အကြီးအကျယ် အားပေးထောက်ခံခဲ့သည်[၁၀]။ ထို့ကြောင့် စစ်အာဏာရှင်တို့ ကိုယ်ကျိုးအတွက်သာ ရည်ရွယ်သည့် စီးပွားရေးအပေါ် အပြင်းအထန် သက်ရောက် ထိခိုက်မှုရှိစေသည်။

စစ်တပ်မှ ချင်းပြည်နယ်တွင် စစ်ဆင်ရေးများတိုး မြှင့်ခဲ့ရာ ပလက်ဝတွင် စစ်ပြေးဒုက္ခသည် ၅၀,၀၀၀၊ မင်းတပ်တွင် ၂၀,၀၀၀ နှင့် ထန်တလန်မြို့နယ်တွင်နောက်ထပ်စစ်ပြေးရသူ လူဦးရေ ၅,၀၀၀ ကျော် အပါအဝင် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ နေရပ်စွန့်ခွာသူများ ထောင်နှင့်ချီများပြားလာသည်[၁၁]။ အောက်တိုဘာ ၁၁ ရက်တွင် စစ်အာဏာရှင်တပ်များက လက်နက်ကြီးများဖြင့် ပစ်ခတ်၍ဟားခါးရှိ အိမ်ထောင်စု ၂၀၀ နီးပါး ထွက်ပြေးကြရသည်[၁၂]။ မတည်ငြိမ်မှုနှင့် လုံခြုံမှုကို ခြိမ်းခြောက်နေ၍ ခန့်မှန်းခြေ လူဦးရေ ၃၀,၀၀၀ ခန့် အိမ်နီးချင်း အိန္ဒိယနိုင်ငံဘက်သို့ ဖြတ်ကျော် ခိုလှုံကြသည်[၁၃]။ မင်းတပ်တွင် စစ်အာဏာရှင်တပ်များနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲ ၅၀ ကျော် ဖြစ်ပွား ခဲ့သည်[၁၄]။ တိုက်ပွဲများနှင့်အတူ စစ်တပ်မှ မတရားဖမ်းဆီး၊ ထိန်းသိမ်းခြင်းများ ကျူးလွန်ပြီး အရပ်သား ၆၁၂ ဦးမှာ စစ်အကျဉ်းစခန်းများတွင် ထိန်းသိမ်းခံနေရသည်[၁၅]။

စစ်အာဏာရှင်တို့မှ လူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေအပေါ်ချိုးဖောက်သဖြင့် အရပ်သားပြည်သူများ၏ ဘဝလုံခြုံစိတ်ချရေးမှာလျော့ပါးလာပြီး အရေးပေါ်လိုအပ်သည့် ပစ္စည်းများကိုလည်း လက်လှမ်း မမီတော့ပေ။ ကုလသမဂ္ဂနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ပေးပို့သည့် အကူအညီများကိုလည်းစစ်အာဏာရှင်တပ်များက ပိတ်ဆို့ထားသည်[၁၆]။ အရပ်သား

၁၀။ Briefing: The need for urgent cross-border humanitarian response on the Western Front, Chin Human Rights Organization, 12 September 2021
၁၁။ Ibid
၁၂။ DVB October 21 October Daily Briefing
၁၃။ Briefing: The need for urgent cross-border humanitarian response on the Western Front, Chin Human Rights Organization, 12 September 2021
၁၄။ "Myanmar military destroys religious buildings in Chin State" Myanmar Now, 3 September 2021
၁၅။ "Report on the human rights situation in Chin and Kayah States of Myanmar," Republic of the Union of Myanmar National Unity Government Ministry of Human Rights, October 2021
၁၆။ 'A living hell': Churches, clergy targeted by Myanmar military" Al Jazeera, 14 October 2021

များ လုံခြုံရေးအရ ခိုလှုံသည့် ဘုရားကျောင်းများအပါ အဝင် ဝတ်ပြုဆုတောင်းသည့် နေရာများအား ပိတ်ဆို့ ဖျက်ဆီးပစ်ကြသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လမှစပြီး ချင်းပြည်နယ်ရှိ အိမ် အနည်းဆုံး ၃၆၀ ခန့် မီးရှို့ခံရပြီး ရွာသားများ၏ ပိုင်ဆိုင်မှုများ လုယက်ခံရပြီးအိမ်မွေး တိရိစ္ဆာန်များ သတ်ဖြတ်စားသောက်ခံရသည်[၁၇]။

အပြင်းအထန် တိုက်ခိုက်ခံပြီးနောက် ဖြစ်သလို ရှင်သန် ရပ်တည်နေရသူများအတွက် တာဝန်ရှိသော်လည်း စစ်အာဏာရှင်များသည် နိုင်ငံအဆင့်ကျူးလွန်မှုများအတွက် ငြင်းဆိုနေကြသည်။ မသေချာ မရေရာမှုများဖြင့် လောင်မြိုက်ခံရပြီးနောက် ဒေသခံပြည်သူများက ၎င်း တို့သည် စိုးရိမ် ကြောက်ရွံ့မှုများနှင့် ရှင်သန်နေရသည်ဟု ပြောဆိုကြသည်[၁၈]။

စက်တင်ဘာ ၂၃ ရက်နေ့တွင် ဟားခါးမြို့နယ်မှလွဲ၍ ကျန်ချင်းပြည်နယ်ရှိ မြို့နယ်အသီးသီးတွင်အင်တာနက် ဖြတ်တောက်ခံရမှုများ ရှိနေဆဲဖြစ်သည်။ အရပ်သားများအပေါ် ကြောက်ရွံ့တုန်လှုပ်ဖွယ် ကျူးလွန်သူများအား မည်သူမည်ဝါ ဖြစ်သည်ဆိုသည်နှင့် ၎င်းတို့အား မမှတ်မိတော့မည်ကို အထူး စိုးရိမ်ပူပန်နေကြသည်။ စစ်အာဏာရှင်တို့၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အလေ့အထကြောင့် ထိခိုက်နစ်နာလွယ်သည့် အရပ်သားပြည်သူများအနေဖြင့် ထိုသို့ကြုံတွေ့နိုင်မည့် ဖြစ်နိုင်ခြေများ ရှိနေသည်။

## ချင်းပြည်နယ်ရှိ စစ်ရာဇဝတ်မှုများ

စက်တင်ဘာနှင့် အောက်တိုဘာတွင် ချင်းပြည်နယ်ရှိ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း ၁၆ ခု အပါအဝင် စစ်ရာဇဝတ်မှု ၄၃ ခုကို ND-Burma မှ မှတ်တမ်းတင်ထားသည်။ ထို့အပြင် ဒေသခံရွာများ ထိခိုက်ပျက်စီးခြင်း၊ စစ်ပြေးဒုက္ခသည်များ မခိုလှုံနိုင်စေရန် နှင့်စည်းရုံးစုဝေးခြင်း မပြုနိုင်ရန်အတွက် ဘုရားကျောင်းများကို မီးရှို့ဖျက်စီးကြသည်။

ချင်းပြည်နယ်ရှိ လူဦးရေ ၉၀ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ပြီး ဘာသာရေးအဆောက်အဦးများကို ပစ်မှတ်ထား တိုက်ခိုက်ခံရခြင်း များပြားလာနေသည်။

လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် ဩဂုတ်နှင့် စက်တင်ဘာလအတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ အိမ်ခြေ ၂၀၀ နီးပါး သို့မဟုတ် အရပ်ဖက်အဆောက်အဦးများ မီးရှို့ဖျက်ဆီးခံရပြီး ၉၈ လုံးမှာ ချင်းပြည်နယ်မှဖြစ်သည်[၁၉]။ ထိုလုပ်ရပ်များသည် ဂျီနီဗာကွန်ဗန်းရှင်းအား တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်ပြီး ဘာသာရေးလွတ်လပ်ခွင့်နှင့် ပြည်သူတို့အား စိတ်ဓာတ်ကျစေရန်နှင့် ဒေ့ဦးတော်လှန်ရေးအား ချိုနဲ့သွားစေရန် စစ်အာဏာရှင်တို့မှ ရည်ရွယ် ချက်ရှိရှိ တိုးမြှင့်တိုက်ခိုက်ခြင်းဖြစ်သည်။

စက်တင်ဘာလ ၂၄ ရက်နေ့ ညနေတွင်ထန်တလန်မြို့နယ်ရှိ ဂျွန်ဆန် အောက်မေ့ဖွယ် နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းသည် လက်နက်ကြီးကျည်သင့်၍ မီးလောင်ခဲ့သည်[၂၀]။ လူထိခိုက်၊ သေဆုံးမှုမရှိသော်

---

၁၇။ “Myanmar’s military torches 60 homes in Chin state since September,” Radio Free Asia, 28 October 2021
၁၈။ “Internet is Cut Amid Junta Troop Surge in Myanmar’s Chin State and Neighboring Regions,” Radio Free Asia, 4 October 2021
၁၉။ Reign of Terror, Chin Human Rights Organization, October 2021
၂၀။ “Military attacks church in battle-ravaged Myanmar,” UCA News, 15 September 2021



ချင်းပြည်နယ်မှ စစ်ဘေးဒုက္ခသည်များအား ဒေါက်တာအေးငြိမ်းသူမှ ကျန်းမာရေးစောက်ရှောက်မှု ပေးနေစဉ်။ (Photo: Citizen Journalist)

လည်း ဘုရားကျောင်းမှာ ပြတင်းပေါက်များနှင့် အမိုးများပေါက်ပြဲ ကွဲကြေ၍ အကြီးအကျယ် ပျက်စီးသွားသည်။ တလနီးပါးအကြာ အောက်တိုဘာ ၁၃ ရက်နေ့တွင် အာဏာရှင်တပ်များသည် ဖလမ်းမြို့နယ်ဖလမ်း – ဟားခါးလမ်းမပေါ်တွင်ရှိသည့် ရီလ်တီကျေးရွာမှ နောက်ထပ်ဘုရားကျောင်း တကျောင်းနှင့်အတူ အိမ် ၁၃ လုံးကို မီးရှို့ခဲ့သည်[၂၁]။ စစ်သားများက ဘုရားကျောင်းရှိ ပစ္စည်းဥစ္စာများနှင့် စစ်ပြေးဒုက္ခသည်များအတွက် အကူအညီအထောက်အပံ့များကို သိမ်းဆည်းယူ ဆောင် သွားကြသည်။ ကရင်နှင့် ရှမ်းပြည်နယ်တို့တွင် ပြီးခဲ့သည့် တိုက်ပွဲကာလများတွင် ကျင့်သုံးခဲ့သည့်မြေလှန် စနစ်ကျင့်သုံးသည့် ချိုးဖောက်မှုပုံစံကို စစ်အာဏာရှင်တို့မှ ဆက်လက်ကျူးလွန်နေသည်။

ချင်းပြည်နယ်ရှိ ပြည်သူတို့မှာ စစ်တပ်၏ ထိုးစစ်ဆင်မှုများတွင် ၎င်းတို့မထိခိုက်စေရန်အတွက် လွတ်မြောက်ရာသို့ မကြာခဏ မဖြစ်မနေ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဖမ်းမိသည့် အရပ်သားများအား စစ်အာဏာရှင်တပ်များက ညှဉ်းပန်းနှိပ်စက်ရန်နှင့် သတ်ဖြတ်ရန် ဝန်လေးနေမည်မဟုတ်ပေ။ ထိုသို့ ပြုလုပ်ခြင်းသည် စစ်ရာဇဝတ်မြောက်ကြောင်း တားမြစ်ထားပြီး စစ်အာ ဏာရှင်များအနေဖြင့် တာဝန်ယူ တာဝန်ခံရမည်ဖြစ်သည်။ ဒဏ်ရာရရှိနေသည့် စစ်ပြေးဒုက္ခသည်များ အားကုသပေးနေသည့် ဆရာဝန်နှင့် ကျန်းမာရေးလုပ်သားများပင် စစ်အာဏာရှင်တပ်များ၏ ပစ်ခတ်ခြင်းခံရသည်။ မင်းတပ်ရှိ ထိခိုက်နစ်နာ အလွယ်ဆုံးသူများအား ကုသပေးနေသည့် ဒေါက်တာအေးငြိမ်းသူမှာ စစ်အာဏာရှင်တို့ ဖမ်းဆီးလိုသည့် စာရင်းတွင် ပါဝင်နေသည်[၂၂]။ ဝေးလံခေါင်ဖျားဒေသများတွင် ကျန်းမာရေး အထောက်အကူ

[၂၁]။ Situation Update, Chin Human Rights Organization, 14 October 2021
[၂၂]။ “Myanmar Junta Seeks to Arrest Doctor Assisting Displaced Persons in Chin State,” The Irrawaddy, 24 September 2021

ပစ္စည်းများ ဝေငှနေသည့် စေတနာ့ဝန်ထမ်း ၃ ဦးအား ဖမ်းမိပြီးနောက် ဒေါက်တာအေးငြိမ်းသူအား ဖမ်းဝရမ်း ထုတ်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးလုပ်သားများအပေါ် တိုက်ခိုက်မှုများ သိသိသာသာ များပြားလာသည်။ တိုက်ခိုက်ခံရသည့် ဖြစ်ရပ် ၃၀၀ နီးပါး ရှိပြီး စစ်အာဏာရှင်တို့လက်ချက်ဖြင့် ၂၁၀ ဦး အဖမ်းခံရကာ ၂၉ ဦး သတ်ဖြတ်ခံရသည်။[၂၃]

သဘောထားကွဲသူများ နစ်နာစေရန်နှင့် တခြားသူများ PDF နှင့် ဒီမိုကရေစီလှုပ်ရှားမှုတွင် မပါဝင်စေ ရန် ညှဉ်းပန်းနှိပ်စက်မှုကိုလည်း စစ်အာဏာရှင်တို့က ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေသည်။ မည်သို့ ပင်ဆိုစေကာမူ လူထုလူတန်းစား အလွှာအသီးသီးမှ ပြည်သူလူထုသည် လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရန် ပူးပေါင်းသွားကြသည်။ ထိုသူများထဲမှ တဦးမှာ ဒေါက်တာနိုင်ထူးလွင်ဖြစ်ပြီး စစ်အာဏာရှင်တို့အား ခုခံတော်လှန်ရာတွင် သင်တန်းဆရာအဖြစ် တာဝန်ယူနေသည်။ အောက်တိုဘာ ၁၅ ရင် သူ့အားဖမ်းဆီးခဲ့ပြီး ညှဉ်းပန်းနှိပ်စက်ခံရ၍ သေဆုံးသွားသည်[၂၄]။

ထွက်ပြေးပြောင်းရွှေ့သွားသည့် ရွာသားများ အရဲစွန့်၍ အိမ်ပြန်ပြီး စားနပ်ရိက္ခာနှင့် ပိုင်ဆိုင်မှုများ ပြန်ယူသည့်အခါ ပစ်ခတ်ခံရခြင်းနှင့် ဖမ်းဆီးပြီး လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်းခံရသည်။ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသည့် ကန်ပက်လက်တွင် သေနတ်ဒဏ်ရာရထားသည့် ရွာသား ၃ ဦး၏ ရုပ်အလောင်းများအား CDF တပ်ဖွဲ့ဝင်များက တွေ့ရှိကြသည်။ ၎င်းတို့၏ ကိုယ်ပေါ်တွင် ညှဉ်းပန်းနှိပ်စက်ခံရသည့် ဒဏ်ရာ ဒဏ်ချက်များ တွေ့ရပြီး မီးရှို့ထားခြင်းခံရသည်[၂၅]။ ကျူးလွန်ခံရသူတဦး၏ ဦးခေါင်းတွင် သေနတ်ဒဏ်ရာ ရရှိထားသည်။ ပုံပျက်



စစ်ကောင်စီ တပ်မှ သတ်ဖြတ်လိုက်သည့် ချင်းပြည်နယ် ကျော့တော်ရွာမှ ကိုကြီးအွမ် (အသက် ၃၀) ၏ ရုပ်အလောင်းအား စက်တင်ဘာလ (၂၉) ရက်နေ့တွင် တွေ့ရစဉ်။ (Photo: Citizen Journalist)

၂၃။ “297 Reported Attacks and Threats to Health Care During Eight Months of Myanmar Military’s Brutal Crackdown,” Physicians for Human Rights, 26 October 2021

၂၄။ Situation Update, Chin Human Rights Organization, 24 October 2021

၂၅။ “Bodies of three civilians killed by junta soldiers found in Chin State,” Myanmar Now, 29 September 2021



ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်နေ့ ဝန်းကျင်တွင် အကြမ်းဖက်စစ်တပ်မှ နေအိမ်များနှင့် ဘာသာရေး အဆောက်အအုံအများအပြားကို မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်ဆီးနေသော အဆောက်အဦးများကိုတွေ့ရစဉ်။ ဘယ်ဘက်မှ ရုပ်ပုံသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် Planet Labs မှ ရိုက်ကူးထားသည့် ပုံဖြစ်ပြီး ညာဘက်မှ ရုပ်ပုံသည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလအတွင်းတွင် Google Earth မှ ရိုက်ကူးထားသည့် ပုံဖြစ်သည်။ (Photo : RFA)

နေသည့် ရုပ်အလောင်းသည် အောက်တိုဘာ ၂၄ ရက်နေ့တွင် စစ်အာဏာရှင်တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်း ခံရကာ ပေါ်တာအဖြစ် စေခိုင်းခံရသည့် လူငယ်တဦး ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်[၂၆]။ ဓားစာခံများအား သတ်ဖြတ်ခြင်းသည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် စစ်ရာဇဝတ်မှုအဖြစ် မှတ်ယူရမည် ဖြစ်သည်။

ထို့အပြင် စစ်အာဏာရှင်တို့၏ အဖျက်လုပ်ရပ်များအဖြစ် ၂၀၂၁ ခုနှစ် အောက်တိုဘာလကုန်တွင် ချင်းပြည်နယ် ထန်တလန်ရှိ အိမ်ခြေ ၂၀၀ နီးပါးနှင့် ဘုရားကျောင်း ၂ ကျောင်းကို မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ရွာသားများမှ ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာနှင့် အိမ်မွေးတိရိစ္ဆာများပါ လုယက်ယူဆောင် ခြင်းခံရသည်[၂၇]။ စစ်အာဏာရှင်တို့က ငြင်းဆိုနေသော်လည်း မီးရှို့ဖျက်ဆီးပြီးနောက် လောင်ကျွမ်းနေသည့် ဂြိုလ်တုဓာတ်ပုံအထောက်အထားများ ထွက်ပေါ်လာသည်[၂၈]။ စစ်အာဏာရှင်တို့၏ တိုက်ခိုက် မှုအပြီး ထန်တလန် တိုက် ခိုက်မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူပေးရန် CHRO မှ ထပ်လောင်းတောင်းဆိုခဲ့သည်။ စစ်အာဏာရှင်တပ်ကူများ မျှော်လင့်ထားသည့်အတိုင်း ပိုမိုဖြည့်တင်း ရောက်ရှိလာသည်[၂၉]။ စစ်အာဏာရှင်တို့၏ အဖျက်လုပ်ရပ်ကို အရပ်ဖက်အဖွဲ့အစည်း ၅၀၀ ကျော်က ပြစ်တင်ရှုံ့ချကြပြီး ချင်းပြည်နယ်တွင်း တိုက်ပွဲများ ပြင်း

၂၆။ Situation Update, Chin Human Rights Organization, 23 September 2021
၂၇။ “Myanmar soldiers torch hundreds of homes in restive Chin state,” Radio Free Asia, 2 November 2021
၂၈။ “Satellite imagery shows damage to town torched in Myanmar's Chin state,” Radio Free Asia, 8 November 2021
၂၉။ See press release: CHRO reiterates the call for U.N Security Council Action as Thantlang is set ablaze and Reinforcements arrive into Falam, Chin Human Rights Organization, 29 October 2021

ထန်လာမှုအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အရေး ပေါ်အစည်းအဝေးခေါ်ယူရန် တောင်းဆိုကြသည်[၂၀]။

စစ်အာဏာရှင်တို့၏ စစ်ရာဇဝတ်မှု ကျူးလွန် ခြင်း အပေါ် သက်သေအထောက်အထား အများအပြား ရှိနေ သော်လည်း စစ်တပ်ပြောခွင့်ရပုဂ္ဂိုလ်က ထိုလုပ်ရပ် မှာ ဒေသခံ တော်လှန်ရေးအင်အားစုများနှင့် ရွာသားများ က မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုသည်။ ခတ်ပုံများ နှင့် အသက်ရှင်လွတ်မြောက်လာ သူများမှ မြေပြင်တွင် ဖြစ်ပျက်ခဲ့သည့် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အတွေ့ အကြုံကို ဖော်ထုတ် ပြောဆိုကြသည်။

ချင်းပြည်နယ်တွင် ရမ်းသမ်းပစ်ခတ်ခြင်းသည် ရွှေ့ပြောင်းထွက်ပြေးမှုများဖြစ်ပေါ်စေသည့် လောင် စာ ဖြစ်သည်။ အများစုမှာ အမျိုးသမီး၊ ကလေးနှင့် သက်ကြီး ရွယ်အိုများဖြစ်ပြီး မဖြစ်မနေ အကြိမ်ကြိမ် ထွက်ပြေး ကြရသည်။ ချင်းပြည်နယ်တွင် စစ်အာဏာရှင်တပ်များ သိသိသာသာ များပြားလာသော်လည်း စစ်တပ်ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်ချုပ်ဇော်မင်းထွန်းက အဖျက်လုပ်ရပ်များနှင့် ပတ်သက် ပြီး စစ်တပ်၏ လုပ်ရပ်မဟုတ်ကြောင်း ငြင်းဆို ပြီး ဒေသခံပြည်သူများကိုသာ ၎င်းတို့၏ ဆုံးရှုံးမှုအ တွက် ပြစ်တင်ပြောကြားသည်[၂၁]။ ဒေသခံ တော်လှန်လှုပ်ရှားမှု များ အင်အားကောင်းလာပြီး စစ်အာဏာရှင်တပ်များ အား ခုခံတိုက်ခိုက်နေဆဲဖြစ်ပြီး ထောင်နှင့်ချီသည့် ပြည် သူလူထုမှာ ရှန်းကန်လှုပ်ရှားနေရသည်။ အကူအညီပေး ရေးလုပ်သားများက စစ်ပြေးဒုက္ခသည်များ အတွက် ပစ္စည်းများမှာ ခန့်မှန်းခြေ တပတ်စာအတွက်သာ ကျန် ရှိနေသည်။ ဆုံးရှုံးမှုများစွာရှိနေသည့်အတွက် အရပ်သား များ၏ အကောင်းဆုံးမျှော်လင့်ချက်မှာ စိတ်ချလုံခြုံစွာ အိမ်ပြန်ရေးပင်ဖြစ်သည်။

၂၀။ [“Another wave of atrocity crimes in Chin State: UN Security Council must act now to end Myanmar Junta’s Campaign of Terror,”](#) 521 Civil Society Organizations, 4 November 2021
၂၁။ [“Military Crackdown Reported in Myanmar’s Chin State,”](#) Voice of America, 27 October 2021



# အပိုင်း (၂)

# ကယား(ကရင်နီပြည်နယ်)

## ကယား (ကရင်နီပြည်နယ်) အခြေအနေ အကျဉ်းချုပ်

စစ်ပွဲများနှင့် စစ်တပ်၏ ထိုးစစ်ဆင်မှုများ များပြားလာသည့်အတွက် ကယား (ကရင်နီ) ပြည်နယ်တွင် လူဦးရေ ၁ သိန်းကျော်မှာ ဖေဖော်ဝါရီလမှစပြီး ၎င်းတို့အိုးအိမ်များ စွန့်ခွာထွက်ပြေးနေရသည်[၂၂]။ မြန်မာစစ်တပ်က လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ဒေသခံ ခုခံရေးတပ် သားများ စိတ်ဓာတ်ကျဆင်းစေရန် အတွက် အကြမ်းဖက် ဖြိုခွင်းလျှက်ရှိသည်။ အရပ်သားပြည်သူများမှာ စစ်အာဏာသိမ်းခြင်းကို လက်မခံဘဲ ဒေသခံ ပြည်သူများနှင့် ၎င်းတို့၏ အမိမြေကို ကာကွယ်ရန် PDF တပ်ဖွဲ့များ ကယား (ကရင်နီ) ပြည်နယ်တွင် ဖွဲ့စည်းကြသည်။

စစ်အာဏာရှင်တပ်များ အင်အားချိနဲ့စေရန်နှင့် တပ်ချထားမှုများ လျော့နည်းသွားစေရန်အတွက် PDS နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တပ်များ ပူးတွဲတိုက်ခိုက်လျှက်ရှိသည်။ လွိုင်ကော်၊ ဒီမောဆို၊ နမ့်မယ်ခုံ၊ မိုးဗြဲနှင့် ဖယ်ခုံ အပါအဝင် မြို့နယ်ရှစ်ခုတွင် PDF များ အသီးသီး ဖွဲ့စည်းထားသည်[၂၃]။ PDF များ အချင်းချင်း ပူးပေါင်းတိုက်ခိုက်၍ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကာကွယ်လျှက်ရှိသည်။ တိုက်ပွဲများ ပြင်းထန်လာသဖြင့် အပြစ်မဲ့ အရပ်သားများမှာ စစ်အာဏာရှင်တပ်များ၏ လက်လွတ်စပယ် ပစ်မှတ်ထားခြင်း ခံနေရသည်။ ကယား (ကရင်နီ) ပြည်နယ်တွင် ဖေဖော်ဝါရီ ၁ ရက်မှစပြီး စစ်တပ်များတိုးချဲ့ချထား သဖြင့် ခန့်မှန်းခြေ ပြည်သူ ၁၃၀ ခန့် သတ်ဖြတ်ခံခဲ့ရသည်[၂၄]။ နောက်ထပ် အရပ်သား ၁၉၅ ဦး ဖမ်းဆီးခံရ ပြီး ၁၃၇ ဦး အသတ်ခံရသည်[၂၅]။ ပြည်နယ်တဝှန်း မြို့နယ် တမြို့နယ်တွင် အနည်းဆုံးလူဦးရေ ၁၀၀၀ ခန့် အတင်းအကြပ် ထွက်ပြေးရွှေ့ပြောင်းနေရပြီး ဒီမောဆိုမြို့နယ်မှာ ဖေဖော်ဝါရီလမှစပြီး ထွက်ပြေး ရွှေ့ပြောင်းရသူ ၇၀,၀၀၀ နီးပါးဖြင့် အများဆုံးဖြစ်သည်[၂၆]။

အခြေအနေက ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအပေါ် ထိခိုက်မှုရှိပြီး စီးပွားရေးအရ ကျဆင်း ဝန်ပိစေသည်။ စစ်ပွဲနှင့် ကပ်ရောဂါကြောင့် အလုပ်အကိုင် ရရှိရန် စိန်ခေါ်မှုများ ပို၍ရှိနေပြီး စစ်အာဏာရှင်တပ်များ၏ ပိတ်ဆို့ထားမှုကြောင့်လည်း တနေရာနှင့် တနေရာသို့ သွားလာရန် မဖြစ်နိုင်တော့ပေ။ စစ်ဆေးရေး

၂၂။ "Despite ceasefire, volunteers risk their lives to help over 100,000 fleeing conflict," Frontier Myanmar, 12 July 2021
၂၃။ "Karenni Nationalities Defense Force (KNDF) will carry out NUG's defense policies," Burma News International, 3 June 2021
၂၄။ Bi-weekly situation update, Karenni Civil Society Network, 26 October 2021
၂၅။ Ibid
၂၆။ Ibid

ဂိတ်များတွင် စစ်သားများက အရပ်သားများ၏ ငွေကြေးနှင့် ပိုင်ဆိုင်မှု များကို သိမ်းဆည်းခြင်းနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး အထောက်အထားများပါရှိနေသည့် မိုဘိုင်းဖုန်းများ သိမ်းယူလျှက်ရှိသည်။

လက်ရှိအခြေအနေအရ ပြည်နယ်တွင်း နေရာအများအပြားတွင် တိုက်ပွဲများ ဖြစ်ပွားနေခြင်းနှင့် လုံခြုံသည့်နေရာသို့ ပြေးစရာမရှိသကဲ့သို့ ခံစားနေရသည့် အတွက် ရပ်ရွာအသိုင်းအဝိုင်းရှိ ပြည်သူလူထုမှာ အကြမ်းဖက်ခံနေသည်ဟု ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) အပါအဝင် ကယား (ကရင်နီ) ပြည်နယ်ရှိ အရပ်ဖက် အဖွဲ့အစည်းများက ထုတ်ဖော်ပြောဆိုကြသည်[၃၇]။ ကလေးများ၏ ပညာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြနေကြသည်။ ယုံကြည်ကိုး စားရသည့် ဒေသခံ အရပ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့သည့် လူသားချင်းစာနာသည့် အကူအညီများအား စစ်ပြေးဒုက္ခသည်များ လက်လှမ်းမီသည့် လုံခြုံစိတ်ချရသည့်နေရာများ ထားရှိရန် KNWO မှ တောင်းဆိုထားသည်[၃၈]။

တိုက်ပွဲများကို ရင်ဆိုင်ကြုံတွေ့နေရသည့် ဒေသခံများအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကလည်း စိတ်ဖိစီးစရာ နောက်ထပ် အလွှာတခုဖြစ်နေသည်။ နှာခေါင်းစည်းနှင့် ဆေးဝါးများ အပါအဝင် တကိုယ်ရေ ကာကွယ်ရေးပစ္စည်းများ ချို့တဲ့သည့်အတွက် စစ်ပြေးဒုက္ခသည်စခန်းများတွင် ပိုးတွေ့ရှိ ကူးစက်မှုများ မြင့်တက်လျှက်ရှိသည်။ စစ်တပ်၏ ထိုးစစ်ကြောင့် စက်တင်ဘာ ၇ မှ ၁၀ ရက်အတွင်း ဒီမောဆိုမြို့နယ်တွင် ထွက်ပြေးရသည့်အနည်း ဆုံး ရွာသား ၄၀ တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ကို တွေ့ရသည်[၃၉]။ အောက်တိုဘာလကုန်ခန့်တွင် ဖရူဆိုမြို့နယ်မှ နောက်ထပ် ရွာသား ၁၀၀ တွင် ကိုဗစ်-၁၉ အတည်ပြု လူနာများ ထပ်တွေ့ရသည်[၄၀]။

လူဦးရေ ၄၀၀၀ ကျော် ထွက်ပြေးပြောင်းရွှေ့နေရသည့် မြို့နယ်တွင် ကိုးဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့် ရွာသားများအား စစ်အာဏာရှင်တို့ကကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်နှင့် ခရီးသွားလာခွင့်ကို ပိတ်ပင်ထားသည်။ ပရမ်းပတာနှင့် ဝရုန်းသုန်းကားဖြစ်နေသည့် အခြေအနေကြောင့် မည်သို့ဖြစ်လာမည်ကို မသိဘဲ စိုးရိမ်ကြောင့်ကြနေရသည့် ပြည်နည်တွင်းရှိ လူထုအား ပို၍ဆိုးဝါးစေသည်။

## ကယား (ကရင်နီ) ပြည်နယ်ရှိ စစ်ရာဇဝတ်မှုများ

လက်ရှိဆင်နွှဲနေသည့် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးကြောင့် ပြည်သူလူထုအား ဝန်ထုတ်ဝန်ပိုးဖြစ်စေသည်။ အိမ်များ မီးရှို့ခြင်း၊ လက်နက်ကိုင်တိုက်ပွဲဝင်သူမဟုတ်သည့် အရပ်သားများနှင့် ၎င်းတို့၏အိုးအိမ်များအား လေကြောင်းတိုက်ခိုက်မှုနှင့် စိတ်ထင်တိုင်းရမ်းသမ်းပစ်ခြင်း၊ ထို့အပြင် ညှဥ်းပန်းနှိပ်စက်ခြင်းနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်းတို့သည် စစ်ရာဇဝတ်မှုများဖြစ်ပြီး စစ်အာဏာရှင်တို့အနေဖြင့် တာဝန်ယူတာဝန်ခံရမည်ဖြစ်သည်။ ဩဂုတ်လမှ အောက်တိုဘာအထိ ကယား (ကရင်နီ) ပြည်နီတွင်းစစ်ရာဇဝတ်မှု ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု ၄၂ မှုကို ND-Burma

၃၇။ "Myanmar's Coup Has Put Women in Harm's Way," The Diplomat, 3 September 2021
၃၈။ Ibid
၃၉။ "September Situation Update," Women's League of Burma, 17 October 2021
၄၀။ "Outbreak Spreads In Hpruso Township," Kantarawaddy Times, 21 October 2021

မှ မှတ်တမ်းတင်နိုင်သည်။ စစ်အာဏာရှင် တပ်သားများသည် အရပ်သားများ၏ လွတ်လပ်ခွင့်ကို ကိုယ်ထိလက်ရောက် ကျူးလွန်မှုများအနက် ဒေသခံများအား ဓားစာခံအဖြစ် ပုံမှန် ဖမ်းဆီး ခေါ်ဆောင်ကြသည်။ တချို့မှာ စစ်တပ်အတွက် အတင်း အစမ္မစေခိုင်းခံရပြီး တချို့မှာ အတင်းအကြပ် ဖမ်းဆီးခံရင်း သို့မဟုတ် အချုပ်ခန်းအတွင်း အသတ်ခံကြရသည်။

အကြမ်းမဖက် အာဏာဖီဆန်ရေး (CDM) လှုပ်ရှားမှုတွင် ပါဝင်သူများ၊ ဘာသာရေးနှင့် ရပ်ရွာခေါင်းဆောင်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောင်သူများအပါအဝင် စစ်အာဏာရှင်တို့ အုပ်ချုပ်မှုကို ဆန့်ကျင်သူ မည်သူ့ကိုမဆို ဖမ်းဆီးနေသည်။ လူငယ်များမှာ စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို အဆိုးဆုံး ကြုံတွေ့နေရပြီး ဓားစာခံအဖြစ် ဖမ်းဆီးခံနေရသည်။ ပဒေါ်ဒူရွာမှ ဆယ်ကျော်သက် လူငယ် ၃ ဦးအားသည် ဒီမောဆိုမြို့နယ်တွင် ဖမ်းဆီးခံရပြီး ၎င်းတို့အား ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) နှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲကာ ဒူးထောက်ခိုင်းထားပြီး စစ်အာဏာရှင်တပ်များက အဆက်မပြတ် ထိုးကြိတ်ရိုက်နှက် ကြသည်[၄၁]။ စက်တင်ဘာ ၄ ရက်နှင့် ၈ ရက်ကြားတွင် ဖမ်းဆီးခံရသူများသည် စစ်တပ်၏ ထိုးစစ်အတွင်း လူသားဒိုင်းကာအဖြစ် အသုံးချခံရသည်။ ရွှေပြည်အေးရွာရှိ လယ်ယာအနီး ဖမ်းဆီးခံရသည့် လင်မယားနှစ်ဦးအား စစ်တပ်အတွက် လမ်းပြအဖြစ် ခေါ်ယူခံရပြီး ကရင်နီ တော်လှန်ရေးအဖွဲ့များ၏ ပစ်ခတ်မှုမှ ကာကွယ်ရန် စစ်သားများ၏ရှေ့မှ သွားစေသည်[၄၂]။ တခြားသူများအား သေနတ်ဖြင့်ချိန် ၍ မျက်ကွယ်နေရာများမှ ခေါ်ဆောင်သွားသည်။ ဩဂုတ် ၂၇ မှ စက်တင်ဘာ ၁၂ အတွင်း ဒီမောဆိုနှင့် လွိုင်ကော်မြို့နယ်များမှ ရွာသား ၂၆ ဦးအား စစ်အာဏာရှင်တပ်များက ဖမ်းဆီးခဲ့သည်[၄၃]။ စစ်ပြေးဒုက္ခသည်များအား စေတနာ့ဝန်ထမ်း ကူညီပေးနေသူ ၃ ဦးအပါအဝင် တခြားအရပ်သား ၂၀၀ ကျော်အားလည်း ဖမ်းဆီးခဲ့သည်[၄၄]။

စက်တင်ဘာ ၇ ရက်တွင် ဒေါပိုးစီ တွင် တိုက်ပွဲဖြစ်သဖြင့် ထွက်ပြေးသွားသည့် ဆယ်ကျော်သက် ၂ ဦးဖြစ်သူ ပါစကွားလယ်နှင့် ဖီဒေးလယ် တို့သည် အိမ်သို့ပြန်လာစဉ် ခမရ ၄၂၇ ၏ ဖမ်းဆီးခြင်းခံရသည်။ ၎င်းတို့နှစ် ဦးအား ဒီမောဆိုမြို့နယ်ရှိ ကန်ခုနှစ်ဆင့် သို့ ထိုးစစ်ဆင်ရာတွင် စစ်အာဏာရှင်တပ်များက လူသားဒိုင်းကာအဖြစ် လမ်းပြခိုင်းခဲ့သည်[၄၅]။ ကရင်နီ PDF များနှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲကာ ၎င်းတို့အား ဓားစာခံအဖြစ် ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ကြသည်။ လက်များကြိုးတုတ်ခံထားရသည့် အဆိုပါ ဆယ်ကျော်သက်နှစ်ဦးမှ စစ်အာဏာရှင် စနစ်ဆန့်ကျင်သည့် သင်္ကေတအဖြစ် လက်သုံးချောင်း ထောင်ပြနေသည့်ပုံကို စက်တင်ဘာ ၁၁ ရက်တွင် ဆိုရှယ် လူမှုစာမျက်နှာပေါ်မှ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနေသည်ကို တွေ့ရသည်။ ၎င်းတို့ဘေးတွင် မြန်မာစစ်ဝတ်စုံဖြင့် ထိုင်နေသည့် စစ်သားကိုတွေ့ရသည်။ အရပ်သားများအား ဓားစာခံအဖြစ်ဖမ်းဆီးခြင်းသည် စစ်ရာဇဝတ်မှုမြောက်ပြီး ဂျီနီဗာကွန်ဗင်းရှင်းနှင့် လူပုဂ္ဂိုလ် တဦးချင်းစီ၏ ဂုဏ်သိက္ခာကျ ဆင်းစေရန် ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သည့် လုပ်ရပ်များအပေါ်

၄၁။ Bi–weekly Situation Update, Karenni Civil Society Network, 14 September 2021
၄၂။ Ibid
၄၃။ “Civilians Arrested as Myanmar Military Cracks Down in Kayah State” The Irrawaddy, 14 September 2021
၄၄။ “Hundreds of Civilians Arrested in Karenni State,” Kantarawaddy Times, 6 October 2021
၄၅။ ဖမ်းဆီးခံရတဲ့ ကယားလူငယ်နှစ်ဦးပုံ လူမှုကွန်ရက်မှာ ပျံ့နှံ့နေ, Radio Free Asia, 12 September 2021



လူမှုကွန်ရက်တွင် ပြန့်နှံ့ခဲ့သော စစ်ကောင်စီတပ်မှ ဖမ်းဆီးခံထားရသည့် ကယားပြည်နယ် ဒီမော့ဆို မြို့နယ် ခြောက်မိုင်စံပြကျေးရွာက ကရင်နီလူငယ်နှစ်ဦးကို တွေ့ရစဉ်။ (Photo: Citizen Journalist)

တားဆီးပိတ်ပင်ထားသည့် နောက်ဆက်တွဲ ကျင့်ဝတ်များ ကို ချိုးဖောက်ခြင်းဖြစ်သည်။

လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့် ဗုံးကြဲခြင်း အပါအဝင် မဆင်မခြင် ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် ကျေးရွာများ၊ အထွတ်အမြတ်ထားသည့် ဘာသာရေး အထိမ်းအမှတ် အဆောက်အဦးများ ပျက်စီးစေပြီး ပစ်ခတ်မှုမှ လွတ်မြောက်အောင် ထွက်ပြေးသည့်အပြစ်မဲ့ ပြည်သူများအား သေကြေပျက်စီးစေသည်။ စစ်အာဏာ ရှင်တပ်များနှင့် ကရင်နီတပ်ဖွဲ့များကြား တိုက်ပွဲများအ ပြင်းအထန် ဖြစ်ပွားပြီး နောက် စက်တင်ဘာ ၇ ရက်တွင် လမ်းပေါ်၌ မတော်မဆဖြစ်၍ အသက် ၈ နှစ် အရွယ် ကလေးငယ်တဦး ဒီမောဆိုတွင် သေဆုံးသွားသည်[၄၆]။ သိပ်မကြာမီ စင်တင်ဘာ ၉ ရက်နေ့တွင် လယ်ယာလုပ် ငန်းခွင်ဝင်နေသည့် အရပ်သားများရှိရာသို့ လက်နက်ကြီး ဖြင့် ပစ်ခတ်သဖြင့် အမျိုးသမီး ၁ ဦး သေဆုံးပြီး ၃ ဦး ဒဏ်ရာရသွားသည်[၄၇]။ အသက်မသေသည့် ရွာသားများ လွတ်မြောက်ရာသို့ ထွက်ပြေးနိုင်ကြသော်လည်း ထွက်မ ပြေးနိုင်သည့် လူငယ်တဦးမှာ ထိုအချိန်မှစ၍ ပျောက်ဆုံး နေသည်။

ပြည်နယ်တဝှန်း လက်နက်ကြီးကျည်များ ရွာ

၄၆။ [စစ်ပြေးရှောင်ရာမှာ ယာဥ်မတော်တဆမှုဖြစ်ပြီး ကလေးငယ်တစ်ဦး ဆုံးပါး,](#) Burma News International, 8 September 2021
၄၇။ [“Shelling Kills Civilian In Karenni State, KNDF Calls On Tatmadaw Soldiers To Join Them”](#) Kantarawaddy Times, 11 September 2021

သားများ၏ နေအိမ်ပေါ်သို့ ပုံမှန်ကျရောက် ပေါက်ကွဲ လျှက်ရှိသဖြင့် သေဆုံးဒဏ်ရာရမှုများ မြင့်တက်နေသည်။ သက်ကြီးရွယ်အိုများကိုလည်း အသက်ချမ်းသာမပေးပေ။ စစ်အာဏာရှင် တပ်သားများ၏ ပစ်သတ်မှုကြောင့်ဒီမောဆိုမြို့နယ် အသက် ၇၀ အရွယ် ရွာသားတဦး စက်တင်ဘာ ၂၆ ရက်တွင် သေဆုံးသွားသည်[၄၈]။ ရက်စက်သည့် လုပ်ရပ်အဖြစ် လက်နောက်ပြန်ကြိုးတုတ်ခံရပြီး သေဆုံးနေသည့် ရွာသား၏ ရုပ်ကြွင်းအား KNDF နှင့်စစ် အာဏာရှင်တပ်များအကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားစဉ် မီးလောင်သွားသည့် ကားပေါ်တွင်တွေ့ရှိကြသည်[၄၉]။ အိမ်အလုံး ၃၀ မှာ မီးလောင်၍ ပြာအတိဖြစ်သွားသည်။ အရပ်သားများအပေါ် ပစ်မှတ်ထား၍ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပြီး ခရီးသွားလာသည့် အဓိကလမ်းမကြီးများအား ပိတ်ဆို့ထားသောကြောင့် ခရီးသွားလာသူ ရွာသားများမှာ စစ်အာဏာရှင်တို့ လက်ချက်ဖြင့် သေဆုံး ဒဏ်ရာရကြသည်။

အောက်တိုဘာလ ၆ ရက်တွင် သူ့ရွာစီးနင်းတိုက်ခိုက်ခံရပြီး အသက်ဘေးမှ လွတ်မြောက်၍ ဘုရားကျောင်းတွင် ခိုလှုံနေသည့် ကယန်းသာယာရွာမှ အသက် ၇၁ နှစ်အရွယ် ဦးရီမိုးအား ND–Burma မှ တွေ့ဆုံမေးမြန်းခဲ့သည်။

*“စစ်တပ်က လက်နက်ကြီးတွေနဲ့ ကယန်းသာရာရွာက ဘုရားကျောင်းကို ညသန်းခေါင်နဲ့ မနက် ၁ နာရီကြားမှာ ပစ်ခတ်တယ်။ အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ်တွေဟာ ခေါင်းအုံး၊ စောင်၊ ရေနွေးအိုးတွေနဲ့အတူ ဘုရားကျောင်းမှာ ခိုလှုံဖို့ ရောက်ရှိလာတယ်။ ည ၁၂ နာရီလောက်မှာ ဘုရားကျောင်းနားမှာ လက်နက်ကြီး*



စက်တင်ဘာ ၂၅ ရက်နေ့တွင် ကုန်းသာရွာအနီး ရပ်နားထားသည့် အိမ်စီးကားထဲတွင် လက်နောက်ပြန်ကြိုးတုပ်ခံထားရပြီး မီးရှို့သတ်ဖြတ်ခံရသူ၏ ရုပ်အလောင်းကို တွေ့ရသည်။ (Photo: Myanmar Now)

၄၈။ “Military kills two civilians, torches dozes of houses in Demawso, Kayah State,” Myanmar Now, 28 September 2021
၄၉။ Ibid

*ကျည် ၃ လုံး ကျရောက် ပေါက်ကွဲတယ်။ ကျည်တလုံးက ဘုရားကျောင်းပေါ် ကျတယ်။ ဘုရားကျောင်းမျက်နှာကျက်ပြိုကျပြီး ကြမ်းပေါ်မှာ အိပ်နေတဲ့ ရွာသားတွေအပေါ် ကျလာတယ်။ ရွာသား ၄ ယောက်သေပြီး နောက်ထပ် ၈ ယောက် ဒဏ်ရာရသွားတယ်။ သေသွားတဲ့သူတွေကတော့ ပေနန်လှ၊ ဦးလုကြည်၊ ဒေါ်မူထူးနဲ့ ဒေါ်မေနန်တို့လို့ သိရတယ်။ ဦးလုကြည်နဲ့ ဒေါ်နန်လှက လင်မယားဖြစ်တယ်။ ငါ့မိန်းမ ဒေါ်မူပေါင်း လက်မှာ ဒဏ်ရာရသွားတယ်။ အဲဒီအချိန်ကစပြီး သူကောင်းကောင်း မကြားတော့ဘူး။*

*ငါတို့ တိတ်တိတ်ကလေး တညလုံးပြေးခဲ့ကြတယ်။ ဖိနပ်စီးဖို့လည်း အချိန်မရတဲ့အတွက် ခြေဗလာနဲ့ပဲ ပြေးခဲ့ရတယ်။ သေသွားတဲ့သူတွေကို သယ်လာပြီး တောထဲမှာ မြေမြှုပ်ခဲ့ကြတယ်။ တချို့ရွာသားတွေ က အနီးအနားက ဂူတွေထဲမှာ ပုန်းအောင်းနေကြတယ်။ ငါတို့ တောထဲမှာ ၂ လနီးပါး ပြောင်းရွှေ့နေထိုင်ခဲ့ ရတယ်။ အဲဒီမှာ ယာယီတဲတွေထိုးပြီး တခြားရွာသားတွေနဲ့အတူ နေခဲ့ကြတယ်။ တခြား ရွာသား ၁၀၀ လောက်က ဒေါ်ပပရွာနဲ့ ကွန်နားရွာနားက စစ်ပြေးဒုက္ခသည်စခန်းကို ပြေးသွားကြတယ်။ မြန်မာစစ်တပ်က ငါတို့ပုန်းနေတဲ့နေရာကို လာတိုက်လို့ ရွာကိုပြန်ခဲ့တယ်။*

*ငါတို့အိမ်ဝင်းထဲက ဘုရားကျောင်းမှာ ဗမာစစ်သားတွေ ရှိနေခဲ့ကြတယ်။ တိုက်ပွဲတွေကတော့ ငါတို့ရွာနား နဲ့ ကုန်းသာရွာနားမှာ ခနခန ဖြစ်တယ်။ ငါနောက်ထပ် ထွက်မပြေးချင်တော့ဘူး အသက်ကလည်းကြီးပြီ တောထဲမှာနေရတာလဲ အခက်အခဲမျိုးစုံကြုံရတယ်။ မြန်မာစစ်တပ်က လက်နက်ကြီးနဲ့ပစ်တဲ့အတွက် ငါ့မိန်းမလည်း နားလေးသွားပြီ။ ဒါပေမယ့် အခြေအနေတွေ ထပ်ဆိုးလာရင်တော့ ပြေးရဦးမှာပေါ့”*

ကယား (ကရင်နီ) ပြည်နယ်၊ ဒီမောဆိုမြို့နယ် ဘတ်တလင်မှ ဒေါ်ဖရန့်စစ် ဆိုသည့် အဖွားသည် တိုက်ပွဲဖြစ်ပွားစဉ် အလားတူ တွေ့ကြုံထွက်ပြေး ရသည်ကို ND–Burma သို့ ပြန်ပြောပြသည်။

*“တိုက်ပွဲစဖြစ်တော့ တခြားရွာသားတွေက မိသားစုတွေနဲ့ရော တယောက်ချင်းပါထွက်ပြေးကြတယ်။ ငါက နားလေးတော့ ကောင်းကောင်းမကြားရဘူး။ တရွာလုံး ထွက်ပြေးသွားကြတာ ငါတယောက်တည်း ကျန်ခဲ့တယ်။ ငါအရမ်းကြောက်နေပေမယ့် ဘယ်ကိုပြေးရမယ်ဆိုတာလည်း မသိဘူး။ ဘယ်မှာတိုက်ပွဲဖြစ်တာလည်း မမှတ်မိတော့ဘူး။*

*ငါတယောက်တည်း ရွာမှာ တလလောက်နေပြီးတဲ့အချိန်မှာ လူငယ်လေးတဖွဲ့ လာကယ်တယ်။ ဆောင်းဘူးရွာမှာရှိတဲ့ သီလရှင်ကျောင်းကို ပို့ပေးပြီး အဲဒီမှာခိုလှုံခဲ့ရတယ်။ ငါ့သမီးနဲ့ အဆက်အသွယ်ပြန်ရပြီး သူနဲ့ပြန်ဆုံခဲ့တယ်။ ငါ့မှာ စိတ်သိပ်မနှံ့တဲ့ သားတယောက်လည်းရှိတယ်။ သေနတ်သံတွေကြားတာနဲ့ သူအရမ်းကြောက်ပြီး ထွက်ပြေးသွားခဲ့တယ်။ အဲဒီအချိန်ကစပြီး သူပျောက်သွားတော့တာပါပဲ။ သူအသက်ရှင် နေသေးလားသေသွားပြီလားဆိုတာလည်း မသိတော့ပါဘူး။ ကာကွယ်ရေးတပ်သား တွေနဲ့ လူငယ်တွေ ကတော့ သူ့ကိုတွေ့အောင်ရှာပြီး တွေ့တာနဲ့ ဆက်သွယ်ပေးမယ် ပြောတယ်။ တချို့ပြောတာကတော့ သူ့ ကို ဗမာစစ်သားတွေ ဖမ်းမိသွားနိုင်တယ်ပေါ့။ သူ့သတင်းတွေ ငါစောင့်ပြီးနား စွင့်နေတယ်။ ငါ့ရွာမှာ ဘာတွေဖြစ်နေလဲ မသိတော့ဘူး ဘာလို့လဲဆိုတော့ ရွာကထွက်လာကတည်းက တခေါက်မှ မပြန်ဖြစ်ခဲ့ဘူး”။*

စစ်အာဏာရှင်တပ်များသည် အရပ်သားများ ဘဝလုံခြုံရေးနှင့် သက်သာချောင်ချိရေးအတွက် အ လေး မထားသည်ကို ပြသနေသည်။ ထို့အပြင် စိတ်ထင်တိုင်း မတရားဖမ်းဆီးနေခြင်း၊ ရွာအနီးတ ဝိုက်နှင့် လယ်ယာ လုပ်ငန်းခွင်များတွင် စစ်သားများက မိုင်းထောင်ခြင်း များလည်း ရှိနေသည်။ ဝေးဝေးလံလံ စွန့်စားသွားသည့် ရွာသားများအားလည်း မြင်တွေ့သည်နှင့် ပစ်ခတ်ရန် စစ် အာဏာရှင် တပ်များက လက်တွန့်နေမည် မဟုတ်ပေ။ ဒီ မောဆိုမြို့နယ်မှ ထွက်ပြေးပြောင်းရွှေ့လာသူ အမျိုးသမီး တဦးသည် အိမ်သို့ပြန်လာစဉ် ကုန်းသာရွာအနီး မြေ မြှုပ်မိုင်းနင်းမိ၍ ညာခြေတဖက်ဆုံးရှုံးသွားပြီး ဒဏ်ရာ အပြင်းအထန်ရသွားသည်[၅၀]။ အောက်တိုဘာ ၁၉ရက် တွင် အဆိုပါရွာ၌ပင် မြေမြှုပ်မိုင်း ပေါက်ကွဲသဖြင့် နောက်ထပ် ၃ ဦး ဒဏ်ရာရသွားသည်။ မိုင်းပေါက်ကွဲမှု ကြောင့် အသက် ၄၁ နှစ်အ ရွယ်အမျိုးသားတဦး သည် သူ့ လက်တွင် ဒဏ်ရာရသွား၍ ၂၉ နှစ်အရွယ် အမျိုးသားမှာ ခြေထောက် အောင်ပိုင်းရှိ အရိုးများ အစိတ်စိတ်အမွှာမွှာ ကွဲထွက်ပြီး သွေးလွန်မှုကို ခံစားရကာ အသက် ၃၁ နှစ် အရွယ် အမျိုးသားမှာ ညာခြေတွင် အပြင်းအထန် ဒဏ်ရာ ရသွားသည်[၅၁]။ ယခုအခါတွင် လယ်သမားများမှာလယ် ယာလုပ်ငန်းခွင်ဝင်ရန် စိုးရိမ်ထိတ်လန့်နေကြသည်။

စနစ်တကျနှင့် တမင်ရည်ရွယ်၍ ဖိနှိပ်ချုပ်ချယ် ခြင်းဖြင့် အရပ်သား ထောင်ပေါင်းများစွာ၏ ဘဝလုံ ခြုံ မှုနှင့် အကာအကွယ်ရယူခွင့်ကို ငြင်းဆိုနေပြီး ပြင်းထန် သည့် လုပ်ရပ်များက စစ်အာဏာရှင်တို့သည် ၎င်းတို့၏ အကြမ်းဖက်စစ်ပွဲများသို့ စိတ်ပါလက်ပါ လျှောက်လှမ်း နေသည်ကို သာဓက ပြနေသည်။

၅၀။ Khit Thit Media, 2 October 2021
၅၁။ လှိုင်ကော်မြို့ ကုန်းသာကျေးရွာတွင် မိုင်း ပေါက်ကွဲပြီး ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိ, Kantarawaddy Times, 13 October 2021



# အပိုင်း (၃)
# စစ်ကိုင်းတိုင်းဒေသကြီး

## စစ်ကိုင်းတိုင်းဒေသကြီး အခြေအနေအကျဉ်းချုပ်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက စစ်အာဏာရှင်တပ်များကို ဆန့်ကျင်တိုက်ပွဲဝင်လျှက်ရှိသည်။ အပြစ်မဲ့ အရပ်သားများအား အစုအပြုံလိုက် သတ်ဖြတ်ထားသည့် နေရာတချို့ကို လည်းဖော်ထုတ်တွေ့ရှိရသည်။ ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများ ပြင်းထန်လာသည့်အတွက် မိမိတို့ရွာများအား တိုက်ခိုက်ခံရမည်စိုး၍ အရပ်သားများ ဘေးလွတ်ရာ တိမ်းရှောင်ထွက်ပြေး နေရသည်။ စစ်ပြေးဒုက္ခသည်စခန်းများသို့ ရောက်ရှိနေသူများမှာလည်းအနိမ့်ဆုံး မရှိမဖြစ်လိုအပ်သည့် အခြေခံရိက္ခာများ အပေါ် ရပ်တည်အသက်ရှင်သန်နေရပြီး ရိက္ခာ၊ ရေနှင့် အမိုးအကာ လုံလုံလောက်လောက် ရရှိခြင်းမရှိပေ။ ဆက်လက်ရှင်သန်ရန် အခြေခံလိုအပ်ချက်များ မပြည့်စုံမှုကြောင့် အသက်ဘေးမှ လွတ်မြောက်လာသည့် အထူးသဖြင့်အမျိုးသမီး၊ ကလေးများနှင့် သက်ကြီးရွယ်အို အပါအဝင်အထိခိုက်အနစ်နာ လွယ်ဆုံးသူများ အခြေအနေကို တောင့်ခံထားရန် ပိုမိုခက်ခဲစေသည်။ ၎င်းတို့၏ ကိုယ်ရော စိတ်ပါသက်သာ အဆင်ပြေမှုမှာ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိနေသည့် အတွက် အချို့ အမျိုးသမီးများမှာ စိတ်ဓာတ်ကျဆင်းနေပြီး ဆက်လက်အသက်ရှင်ရန် ဆန္ဒပင် မရှိတော့ပေ[၅၂]။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ၇ မြို့နယ်တွင် အင်တာနက် ဖြတ်တောက်ထားသဖြင့် လုံခြုံပြီး တိုက်ရိုက်ဆက်သွယ်နိုင်သည့် အခြေအနေမရှိသဖြင့် စစ်အာဏာရှင်များ ပိုမို၍ ရက်စက်မှုများ ကျူး လွန်နေ၍ အရပ်သားများအတွက် စိတ်ဖိစီးမှုများ ထပ်တိုးလာသည်[၅၃]။ စစ်တပ်၏ ယခင်ကထိုးစစ်များတွင် အင်တာနက်နှင့် မိုဘိုင်းဆက်သွယ်ရေးများ ဖြတ်တောက်၍ စစ်ဆင်ရေး ဆင်နွှဲခဲ့သည်။ စစ်အာဏာရှင်တို့၏ မြေလှန်စနစ်နှင့်အတူ အင်တာနက် ဖြတ်တောက်ထားမှုကြောင့် ပြည်သူတို့အပေါ် ကျူးလွန်ထားသည့် ရာဇဝတ်မှုများအတွက် သက်သေများမှတ်တမ်းတင်ရန် အရပ်သားများနှင့် လူ့အခွင့်အရေးအဖွဲ့များအတွက် အခက်အခဲ ပိုမိုဖြစ်ပေါ်စေသည်။

ကုလသမဂ္ဂ၏ မှတ်တမ်းများအရ မေလမှစပြီး စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများနှင့် ချင်းပြည်နယ်များရှိ အရပ်သား ၄၀,၀၀၀ နီးပါးခန့် အိုးအိမ်စွန့်ခွာ

၅၂။ “In western Myanmar, conflict creates new dangers for women,” Al Jazeera, 27 September 2021
၅၃။ “Internet blackout hits parts of Sagaing and Mandalay,” Myanmar Now, 15 September 2021

တိမ်းရှောင် ထွက်ပြေးနေရသည်။ ခန့်မှန်းခြေ စစ်ပြေးဒုက္ခသည် ၇,၀၀၀ မှာ ကလေး၊ ကနီ၊ ခင်ဦးနှင့် မင်းကင်းမြို့နယ်များရှိ စခန်းများတွင် နေထိုင်ကြသည်[၅၄]။ စစ်ပြေးဒုက္ခသည်များအနက် အသက် ၁၀ နှစ်အောက် ကလေး ၁,၅၀၀၊ နို့စို့ကလေး ၇၀၊ သက်ကြီးရွယ်အို ၉၀ကျော်နှင့် ကိုယ်ဝန်ဆောင် ၇၀ တို့ ပါဝင်ကြသည်[၅၅]။ စစ်ကိုင်းတိုင်းဒေသကြီး တွင် တပ်အင်အား ပိုမိုတိုးချဲ့တပ်စွဲလာသဖြင့် အရပ်သားများ ပိုမိုစိတ်ဆင်းရဲကြပြီး စစ်အာဏာရှင်တပ်များ၏ သတ်ဖြတ်ခြင်း သို့မဟုတ် လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမည့် အန္တရာယ်ရှိနေသည်။ တိုင်းပြည်၏ အနောက်မြောက်ပိုင်းတွင် အကြမ်းဖက်မှုများ မြင့်တက်လာသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အညှာအတာကင်းမဲ့စွာ ရက်စက်ကျူးလွန်မှုကို ခံနေကြရသည့် ဒေသခံ အရပ်သားများအတွက် အလွန်စိုးရိမ်ပူပန်ရသည့် အဆင့်သို့ ရောက်ရှိနေသည်။

ဒေသခံ ကာကွယ်ရေးအဖွဲ့များကို လိုလားသည့် အရပ်သားများနှင့် ဆက်စပ်သူများမှာ စစ်အာဏာရှင်တို့၏ တိုက်ခိုက်ခြင်းကိုခံနေရသည်။ ကျီးအိမ်ရွာသို့စစ်အာဏာရှင်တပ်များ ဝင်ရောက်စီးနင်းစဉ် ဘုန်းကြီးကျောင်းတွင် ခိုလှုံနေသည့် စစ်တပ်ကျော ထောက်နောက်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ အဖွဲ့ဝင် ၂၀ ဖမ်းဆီးခံရသည်[၅၆]။ ဒေသခံ PDFs တပ်ဖွဲ့ များ၏ တိုက်ခိုက်မှု ကြောင့် စစ်အာဏာရှင် တပ်များ အကြီးအကျယ် အထိနာနေသည်[၅၇]။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သား ကာကွယ်ရေးတပ်ဖွဲ့များက စစ်အာဏာရှင်တပ်များအား ခြုံခိုတိုက်ခိုက်ခြင်းနှင့် ၎င်းတို့ အခြေစိုက်စခန်းအနီးတွင် မိုင်းထောင် တိုက်ခိုက်ကြပြီး စစ်တပ်အားပေး ရဲတပ်ဖွဲ့အားလည်း ပစ်မှတ်ထားကြသည်။

မြန်မာစစ်တပ်သည် အရပ်သားများအားအကြမ်းဖက်မှုများဖြင့် တုန့်ပြန်ခဲ့သည်။ ဒေသခံ တော်လှန်ရေးအဖွဲ့များအား အားပေးကူညီသည်ဟု သံသယဖြစ်ခံရသူအရပ်သားများမှာ သေနတ်ဖြင့် ပစ်ခတ်ခံရခြင်းနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း ခံရသည်။ စစ်ကိုင်းအခြေစိုက် PDF အဖွဲ့အား အကူညီပေးရန် ရံပုံငွေရှာပေးသည့် အမျိုးသမီးတဦး စစ်အာဏာရှင်တို့၏ ဖမ်းဆီးခြင်းခံရပြီး နောက်ပိုင်းတွင် အသတ်ခံလိုက်ရသည်[၅၈]။ စစ်အာဏာရှင်တပ်များက ရွာသားများကို တွေ့သည်နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပစ်ခတ်ခြင်းနှင့် လူသားဒိုင်းကာအဖြစ် အသုံးပြုကြသည်။ အရပ်သားများ ထိခိုက်ဆုံးရှုံးနေရခြင်းမှာ စစ်အာဏာရှင်တို့၏ ပြည်သူများအား စစ်ဆင် တိုက်ခိုက်မှုကြောင့်ဖြစ်ပြီး ထိုမတရားမှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဓလေ့ဖြင့် ဆက်လက်ကျူးလွန်နေကြသည်။ လတ်တလောတွင် တိမ်းရှောင်ထွက်ပြေးနေရသူများအား ကုသပေးနေသည့် ဆရာဝန်နှင့် ကျန်းမာရေးလုပ်သားများအား စစ်အာဏာရှင်တို့မှ လိုက် လံဖမ်းဆီးနေသည်[၅၉]။ နာရေးကူညီမှုအသင်းကဲ့သို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များမှ ဦးဆောင်သူများမှာလည်း ထွက်ပြေး ပုန်းအောင်းနေရသည်။

စစ်ကိုင်းဒေသကြီးရှိ အရပ်သားများမှာ စိတ်ဒဏ်ရာများ ခံစားနေရပြီး ရှေ့ဆက်မည်သို့ ဖြစ်လာမည်ဆိုသည်ကို စိတ်သောက ရောက်နေကြသည်။ စစ်

၅၄။ “Myanmar Flash Update: Escalation of Conflict in the Northwest (As of 3 November 2021)” UN Office for the Coordination of Humanitarian Affairs
၅၅။ Myanmar Pressphoto Agency, 1 September 2021
၅၆။ ‘Even if you support them, they won’t spare you’ – junta forces arrest pro-USDP civilians after suffering heavy casualties, Myanmar Now, 18 October 2021
၅၇။ “Resistance Attacks Leave Junta Troops Dead Across Myanmar,” The Irrawaddy, 2 November 2021
၅၈။ “Junta soldiers detain and kill woman who raised funds for local guerilla group,” Myanmar Now, 16 September 2021
၅၉။ မုံရွာမြို့တွင် အကြောင်းမဲ့ ဖမ်းဆီးခံရသည့် ပရဟိတဆရာဝန်ကို မည်သည့်နေရာတွင် ဖမ်းဆီးထားသည်မသိသေး The 74 Media, 26 September 2021

ကိုင်း တိုင်းဒေသကြီးရှိ PDFs လှုပ်ရှားရာဒေသများတွင် တိုင်းရင်းသား တော်လှန်ရေးအင်အားစုများ (EROs) လှုပ်ရှားမှု နည်းပါးသည့်အတွက် တိုင်းပြည်အတွင်း အအောင်မြင်ဆုံး PDF တပ်ဖွဲ့များထဲမှ တခုဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF များကို စစ်အာဏာရှင်တပ်များက တိုးမြှင့်ခြေမှုန်းနေသည်။ မြန်မာစစ်အာဏာရှင်တပ်သားများသည် ပြည်တွင်းစစ်တွင် တက်ကြွစွာ ပါဝင်နေပြီး အပြစ်မဲ့အရပ်သားပြည်သူများအား တိုက်ပွဲအတွင်း ပိတ်မိစေခြင်းနှင့် အကာအကွယ်ပေးရမည့် အစား ပစ်မှတ်ထား တိုက်ခိုက်နေသည်။ လက်ရှိဖြစ်ပွားနေဆဲ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများအလျှင် အမြန်ရပ်တန့်ရမည်ဖြစ်ပြီး တာဝန်ရှိသူများအားလည်း အမြင့် ဆုံးခုံရုံးများတွင် တရားစွဲဆိုရမည်ဖြစ်သည်။

## စစ်ကိုင်းဒေသကြီးရှိ စစ်ရာဇဝတ်မှုများ

၂၀၂၁ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ လူ့အခွင့်အရေးချိုးဖောက်မှု အနည်းဆုံး ၃၅ ခုကို ND-Burma မှ မှတ်တမ်းတင်ထားသည်။ စစ်အာဏာရှင်တို့က လူငယ် များအား ဒေသခံ PDFs များနှင့် ဆက်စပ်သည်ဟု သံသယဖြင့် သက်သေမပြနိုင်ဘဲ တိုက်ခိုက်နေသည်။ ရွာများအား ဝင်ရောက်စီးနင်းပြီး ဒါဇင်နှင့်ချီသည့် ရွာသားများအား ဖမ်းဆီးကာ လုပ်ကြံထားသည့် သက်သေများဖြင့် တရားစွဲဆိုသည်။

တိုက်ပွဲများဖြစ်နေသည့် ဒေသတွင် အကာအကွယ်ရှာဖွေနေသည့် ရွာသား ၄ ဦးအား စစ်အာဏာရှင်တပ်များက ဒေသခံ PDFs များနှင့် ဆက်သွယ်ကာ သတင်းအချက်အလက်များ ပေးပို့နေသည်ဟု စွပ်စွဲ၍ ပစ်ခတ်သတ်ဖြတ်ခဲ့သည်[၆၀]။ ၎င်းတို့မှာ ဦးသောင်းမြင့် (အသက် ၅၅)၊ ဒေါ်ချောလှ (အ သက် ၅၀) နှင့် အသက် ၃၀ အရွယ် အမျိုးသား ၂ ဦးတို့ဖြစ်ကြသည်။ ထို့အပြင် သက်ကြီးရွယ်အိုများအားလည်း ဖမ်းဆီးပြီး နောက်တနေ့တွင် ပြန်လွှတ်ပေးခဲ့သည်[၆၁]။ စစ်အာဏာရှင်တပ်များ၏ ကိုယ်ထိ လက်ရောက်ကျူးလွန်ပြီးနောက် ရွာထဲတွင် ကျန်ခဲ့သူများမှာလည်း ပြန်ပေးဆွဲခံရခြင်းနှင့် လူသားဒိုင်းကာအဖြစ် အသုံးချခံရမည့် အန္တရာယ်ရှိနေသည်။စစ်အာဏာရှင်တို့မှ တော်လှန်ရေးလှုပ်ရှားမှုအား ခြေမှုန်းနေချိန်တွင် ဆုံးရှုံးမှု မြောက်များစွာ ဖြစ်ပေါ်စေပြီးရွာများအား စီးနင်းခံရချိန်တွင် ရွာသူရွာသားမှာ မဖြစ်မနေ အိုးအိမ်စွန့်ခွာ တိမ်းရှောင်ထွက်ပြေးကြရသည်[၆၂]။ အရပ်သားများအား လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်းသည် ဂျီနီဗာ ကွန်ဗန်းရှင်းအား ချိုးဖောက်ခြင်းဖြစ်ပြီး သေကြေပျက်စီးစေသည့် ထိုးစစ်ဆင် တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ ဘဝများ ပေးဆပ်နေရသည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ကာပေါင်းကျ ကျေးရွာသို့ စစ်သား ၁၀၀ ဖြင့် ဝင်ရောက် စီးနင်းခဲ့သည်[၆၃]။ ရွာသား ၁ ဦး အဖမ်းခံရကာ အခြားတဦးမှာ အသတ်ခံရသည်။ ညနေပိုင်းတွင် ရွာအား ပြာပုံကျသည် အထိ မီးရှို့ခဲ့သည်။ နောက်တရက်တွင် စစ်အာဏာရှင်တပ်များက ဥပဒေမဲ့ လုပ်ရပ်များအဖြစ် ရွာသားများအား ရှာဖွေခဲ့ပြီး တောထဲတွင် ပုန်းအောင်းနေသူများအား ပစ်ခတ်ခဲ့ရာ

၆၀။ ကလေးမြို့တွင် ချုံခိုတိုက်ခိုက်ခံရအပြီး စစ်သား ၆ ဦး သေဆုံး Myanmar Now, 15 September 2021
၆၁။ Ibid
၆၂။ "Junta accused of using human shields as it steps up efforts to crush Sagaing uprising," Myanmar Now, 13 October 2021
၆၃။ Myanmar Pressphoto Agency, 1 September 2021



၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့တွင် စစ်ကောင်စီမှ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သောကြောင့် တန်ဆည် မြို့နယ်မှ ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးနေရသည့် ပုံအား တွေ့ရစဉ်။
(Photo: Citizen Journalist)

နှစ်ဦး သေဆုံးသွားသည်။ ထို့အပြင် ရွာသားများ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများအား အကြီးအကျယ်ဖျက်စီးခြင်းနှင့် သတ်ဖြတ်ခြင်းများ ကျူးလွန်သည်။ ကိုယ်ဝန်သည် တဦးအပါအဝင် ရွာသား ၇ ဦးအား အကြမ်းဖက် စစ်တပ်မှ ဖမ်းဆီးပြီး နောက်ပိုင်းတွင် ရွာသားအယောက်၁၀၀ အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆိုခဲ့သည်[၆၄]။ ရွာသားများ၏ အိုးအိမ်များ ဆုံးရှုံးသွားသည့်အတွက် အိမ်ထောင်စု ၇၀၀ သည် တိမ်းရှောင်ထွက်ပြေး နေရပြီး စစ်ပြေးဒုက္ခသည်များ ဖြစ်လာသည်။

ဖေဖော်ဝါရီ၁ရက်မှစပြီးစစ်တပ်မှမီးရှို့တိုက်ခိုက်မှုကြောင့် ဒီပဲယင်းမြို့နယ်မှ အနည်းဆုံး ရွာပေါင်း ၂၀ မှာ မီးလောင်ပျက်စီးသွားသည်။ အောက်တိုဘာလအတွင်း စီးနင်းတိုက်ခိုက်မှုများတွင် ရွာတွင်းသို့ဝင်လာသည့် စစ်သားများသည် စက်သေနတ်၊ လက်ပစ်ဗုံးများဖြင့် ရွာသားများပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ဖျက်ဆီးပစ်ကြပြီး ရွှေကဲ့သို့ တန်ဖိုးကြီး ပစ္စည်းများကိုခိုးဝှက်ယူဆောင်သွားကြသည်။ အိမ် ၅ လုံး ပျက်စီးသွားပြီး ရွာသား ၅၀၀ ဘေးလွတ်ရာ ထွက်ပြေးကြရသည်[၆၅]။ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကြောင့် အနည်းဆုံး ရွာသား ၃,၅၀၀ ထွက်ပြေးတိမ်းရှောင်ရသည်[၆၆]။

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် စစ်အာဏာရှင်တပ်များ အမြဲကင်းလှည့်နေသည့်အတွက် အထိအခိုက်အများဆုံးဖြစ်သည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် လိပ်ခြံရွာမှ အပြစ်မဲ့ ရွာသား ၁၃ ဦးအား စစ်ကိုင်း အခြေစိုက် PDFs အဖွဲ့ နှင့် ဆက်စပ်သည်ဟု အထောက်အထားမဲ့ စွပ်စွဲကာ ဖမ်းဆီးခဲ့သည်[၆၇]။ ထိုမြို့နယ်သည် စစ်အာဏာရှင်တပ်များ၏ မီးရှို့တိုက်ခိုက်ခြင်းကိုလည်း ခံရသည်။ စက်တင်ဘာ ၂၃ ရက်တွင် စစ်အာဏာရှင်

---

၆၄။ Ibid
၆၅။ ဒီပဲယင်း အုံးခါးရွာကို စစ်ကောင်စီ တပ်များ ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးကာ ရွှေထည်ပစ္စည်းများကို လုယက်၊ ပြည်သူ ၅၀၀ ဘေးလွတ်ရာသို့ ထွက်ပြေးရ ရန်ကုန်၊ အောက်တိုဘာ ၆, Khit Thit Media, 6 October 2021
၆၆။ Ibid
၆၇။ စစ်ကောင်စီတပ်တွေ ဝင်ရောက်ဖမ်းဆီးလို့ ဒေသခံ ၅၀၀၀ လောက် ထွက်ပြေးနေရ, Radio Free Asia, 2 September 2021



စက်တင်ဘာလ ၂၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးချောင်းဦးမြို့နယ်တွင် မီးရှို့ခံရသည့် နေအိမ်များကို တွေ့ရစဉ်။ (Photo: Citizen Journalist)

တပ်သားများက ကျီးကုန်းရွာရှိ အိမ်များအား ပစ်ခတ်ခဲ့ရာ အိမ် ၇ လုံး မီးလောင်ပြာကျသွားပြီး ထောင်နှင့်ချီသည့် စပါးခင်းများ ပျက်စီးသွားသည်[၆၈]။

စက်တင်ဘာ ၂၄ ရက်တွင် အလားတူ ထပ်မံတိုက်ခိုက်ခဲ့ရာ အိမ်နှင့် စပါးခင်းများ ပို၍ ပျက်စီးခဲ့သည်။ စက်တင်ဘာလကုန်တွင် မကျည်းဘုတ်ကျေးရွာရှိ အိမ် ၂ လုံးအား စစ်အာဏာရှင် တပ်များကမီးရှို့ ဖျက်စီးခဲ့သည်။ ရွာသားများ ထွက်ပြေးခိုလှုံနေသည့် တောင်ကုန်းပေါ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်[၆၉]။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သားများ၏ နေအိမ်များနှင့် ရွာများကို စနစ်တကျ မီးရှို့တိုက်ခိုက်ခြင်းဖြင့် ဒေသခံများအား တော်လှန်ရေးအင်အားစုများအပေါ် ဆက်လက်မထောက်ခံ စေရန်အတွက်ဖြစ်သည်။ မီးလိုက်သတ်သည့် ရွာသားများတွေ့ပါကလည်း စစ်အာဏာရှင် တပ်သားများက ပစ်ခတ်သတ်ဖြတ်ကြသည်။

အရပ်သားပြည်သူများရှိနေသည့် နေရာများသို့ စိတ်ထင်တိုင်း ရမ်းသမ်းပစ်ခတ်နေခြင်းကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ များပြားလာသည်။ အောက်တိုဘာ ၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေ သကြီး ခင်ဦးမြို့နယ်တွင် စစ်အာဏာရှင်တပ်များမှ ပစ်ခတ်သဖြင့် ၅ နှစ်အရွယ် ကလေးတဦးအပါအဝင် လူ ၂ ဦး သေဆုံးသွားသည်[၇၀]။ အနီးအနားရှိ ပျဉ္ဓထောင်ကျေးရွာအား မီးရှို့ခဲ့ပြီး ခန့်မှန်းခြေ လူ ၅၀ အား ဖမ်းဆီးသွားသည်။

ရွာသားများအား ဖမ်းဆီး စစ်ဆေးပြီးနောက် လူမဆန်စွာ ထိုးကြိတ်ရိုက်နှက်ကြသည်။ အထိခိုက် အနစ်

၆၈။ တန့်ဆည်တွင် ရဲမိသားစုဝင်တချို့ အသတ်ခံရပြီးနောက် ရွာရှိ နေအိမ်များကို စစ်ကောင်စီ မီးရှို့, The Irrawaddy, 23 September 2021
၆၉။ ချောင်းဦးမြို့နယ်မှာ နေအိမ်လေးလုံးကို စစ်တပ် မီးရှို့ Radio Free Asia, 28 September 2021
၇၀။ ခင်ဦးမြို့ ပျဉ်ထောင်ရွာတွင် ၅ နှစ်ကလေး အပါအဝင် ပြည်သူ ၂ ဦးကို စစ်တပ်က ပစ်သတ်၊ ရွာကိုမီးရှို့ပြီး ကျေးရွာသား ၅၀ ထက်မနည်းကို ဖမ်းဆီးသွား Khit Thit Media, 1 October 2021

နာ အလွယ်ဆုံးသူများအားလည်း ချမ်းသာမပေးပေ။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စိတ်မမှန်သည့် လူတဦးအား စစ်သား ၄ ယောက်မှ ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်ကြပြီးနောက် ထိုသူမှာ ပျောက်ဆုံးသွားသည်[၇၁]။ မင်းကင်းမြို့နယ်ရှိ လောင်းပြည့်ကျေးရွာမှ နောက်ထပ် စိတ်ပုံမှန်မ ဟုတ်သည့် လူတဦးမှာ ပစ်သတ်ခြင်းခံလိုက်ရသည်[၇၂]။

ဆက်လက်ဖြစ်ပွားနေသည့် လက်စတုံးပျောက်ဆုံးမှုများ၊ ဖမ်းဆီးမှုများနှင့် အရပ်သားများ၏ နေအိမ်၊ ကျေးရွာနှင့် အဆောက်အဦးများ ပျောက်ပျက်သွားစေရန် ဖျက်စီးမှုများသည် စစ်ရာဇဝတ်မှုဖြစ်သည်။ စစ်အာဏာရှင်တို့သည် အပြစ်မဲ့ အရပ်သားပြည်သူများအပေါ် တရားမဲ့စွာဖြင့် ရာဇဝတ်မှုများကို အကြီးအကျယ် ဆက်လက်ကျူးလွန် ချိုးဖောက်နေသည်။ စစ်အာဏာရှင်တို့က နိုင်ငံတကာ ဥပဒေကိုချိုးဖောက်ခြင်းနှင့် ပြည်သူများအပေါ် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေသဖြင့် ဆိုးရွားသည့် ထိုးစစ်ဆင် တိုက်ခိုက်မှုများအတွင်း အရပ်သားထောင်ပေါင်းများစွာ လွတ်မြောက်ရာသို့ ဆက်လက် ထွက်ပြေးနေရသည်။

၇၁။ ကလေးမြို့တွင် စိတ်မန့်သူတစ်ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက အုတ်ခဲဖြင့် ထု၊ သေနတ်ဒင်ဖြင့် ရိုက်, Khit Thit Media, 13 October 2021
၇၂။ မင်းကင်းမြို့နယ်၊ လောင်းပြည့်ကျေးရွာမှ စစ်ဘေးရှောင် ဦးသာဆွေ၊ ဦးပို၊ မောင် မင်းသန့်၊ မောင်ဆွေလှိုင်ဦးနှင့်စိတ်ဝေဒနာရှင် ချပ်ပြား စုစုပေါင်း ပြည်သူ ၅ ဦးကို တောထဲလိုက်လံစီးနင်း၍ စစ်တပ်က ပစ်သတ်သွား Khit Thit Media, 13 October 2021

# နိဂုံး

မြန်မာနိုင်ငံတဝှန်း စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ၎င်းတို့အကျိုးစီးပွားကိုသာ ရှေ့တန်းတင်သည့် စစ်အာဏာရှင်များ၏ အကြမ်းဖက် ကျူးလွန်မှုများကြောင့် နိုင်ငံရေးနှင့်အခြေခံလွတ်လပ်ခွင့်များ ရုပ်သိမ်း ငြင်းဆိုခံနေရသည့် အပြစ်မဲ့ပြည်သူများအပေါ် ဆိုးကျိုးသက် ရောက်စေသည်။

စစ်အာဏာရှင်တို့၏ လုပ်ရပ်အပေါ် အရေးယူဆောင်ရွက်ခြင်းမရှိပါကတိုင်းပြည်တဝှန်းသန်းနှင့်ချီသည့် ဘဝပေါင်းများစွာမှာ ပိုမို၍ လူ့အခွင့်အရေးချိုးဖောက်ခံရမည့် အန္တရာယ်နှင့် ကြုံတွေ့နေရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မှန်ကန်သော အရေးယူမှုများ ချမှတ်ပြီး မြေပြင်တွင် အမှန်တကယ်ဖြစ်ပျက်နေမှုများအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အရေးပေါ်အစည်းအဝေးများ ခေါ်ယူရမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှစပြီး အကြမ်းဖက်မှုနှင့် အဖျက်လုပ်ရပ်များက တိုင်းပြည်အရေးအရာများအပေါ် ထင်ဟပ်နေသည်။ လူ့အခွင့်အရေးအခြေအနေမှာ လျင်မြန်စွာ ဆိုးရွားလာနေသည်။ ထို့အပြင် ထောင်နှင့်ချီသည့် ပြည်သူလူထုမှာ မဟုတ်တန်းတရား လုပ်ကြံဖန်တီးထားမှုများဖြင့် တရားစွဲခံနေရသည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု (သို့မဟုတ်) စစ်တပ်အား တာဝန်ယူ တာဝန်ခံစေမှုရှိစေမည့် ယုံကြည်ကိုးစားဖွယ် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ယန္တရားများလည်း မရှိပေ။ ထို့ကြောင့် အရပ်သားများအပေါ် ခွဲခြားဆန့်ကျင်မှုနှင့် တိုက်ခိုက်မှုများကို ပြစ်ဒဏ်ကင်းလွတ်ခွင့် အလေ့အထဖြင့် ဆက်လက်ကျူးလွန်နေကြသည်။ ဖြစ်ရပ် အတော်များများတွင် ကျူးလွန်ခံရသူများမှာ ခုခံကာကွယ် လျှောက်ထားပိုင်ခွင့် မရကြပေ။ တရားမျှတမှုသည် မှားယွင်းစွာ စွပ်စွဲခံနေရသူများအတွက် နှောင့်နှေးနေရုံ သာမက လုံးဝပိတ်ပင် ငြင်းဆိုခံနေရခြင်းနှင့်အတူ မြန်မာ့ တရားစီရင်ရေးစနစ်ကိုပါ မထိမဲ့မြင်ပြုခြင်းခံနေရသည်။

လူသားချင်းစာနာသည့် အကူအညီများ အရေးပေါ်လိုအပ်နေပြီး စစ်အာဏာရှင်တို့က နည်းပေါင်းစုံဖြင့် ဟန့် တားပိတ်ပင်နေသဖြင့် အခြေခံ ကုန်စည်နှင့် ဝန်ဆောင်မှုများ အရေးပေါ်လိုအပ်နေသူများထံ ရောက်ရှိခြင်း မရှိပေ။ ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးပို့ကူညီရမည် ဖြစ်ပြီး အကူအညီရံပုံငွေများ ပြန်လည်ပေးအပ်နိုင်မည့် တခြားနည်းလမ်းလည်းမရှိပေ။ ဒေသခံအဖွဲ့အစည်းများသည် သိသာထင်ရှားသည့် အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ပြီး ၎င်းတို့ရပ်ရွာ အသိုင်းအဝိုင်းရှိ ပြည်သူ လူထုအား ရိက္ခာနှင့် လိုအပ်သည့်ပစ္စည်းများ ကူညီပံ့ပိုးပေးနေသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အနေဖြင့် မြန်မာနိုင်ငံအတွင်း ပိုမိုဆိုးရွားလာနေသည့် အကြပ်အတည်းအား တုန့်ပြန်ဖြေရှင်း ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ASEAN ၏ ဝင်ရောက်မစွက်ဖက်ရေး မူဝါဒသည် အလုပ်မဖြစ်ဘဲ တိုင်းပြည်နှင့်အဝှန်း ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို တားဆီးရန် လုံလောက်သည့် စွမ်းဆောင်ရည်မရှိသည့် အပေါ် ဆင်ခြေပေးနေမှုတို့က ပြဿနာဖြစ်နေသည်။

ထို့အပြင် မြန်မာပြည်တွင်း လက်ရှိ အဖြစ်အပျက်များမှာ နှစ်လို့ဖွယ်ရာမဟုတ်ပေ။ တိုင်းပြည်အတွင်း ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုများကြောင့်ဆင်းရဲမွဲတေမှုနှံ့အတွင်း ပိုမို၍ တိုးဝင် နစ်မြုပ်စေသည်။ ပြည်သူများသည် ၎င်းတို့ဘဝအတွက် တိုက်ပွဲဝင်နေကြပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်း ထိုသို့ ပြုလုပ်ရန် ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် နိုင်ငံရေးအရ တာဝန်ရှိသည်။

# အကြံပြုချက်များ

**နိုင်ငံတကာ အသိုင်းအဝိုင်းသို့**

၁။ စစ်အာဏာရှင်တို့နှင့် မည်သည့်အခြေအနေအောက်တွင်မဆို ပူးပေါင်းဆောင်ရွက်ရမည်ကို ငြင်းပယ်ခြင်း (သို့မဟုတ်) မြန်မာအစိုးရအဖြစ် အသိအမှတ်ပြုသကဲ့သို့ဖြစ်စေမည့် စစ်အာဏာရှင်တို့အား တရားဝင်မှု ပေးခြင်းကို ရှောင်ကြဉ်ရန်။

၂။ မည်သည့် နိုင်ငံတကာ အစည်းအဝေး အခမ်းအနားမဆို မြန်မာစစ်အာဏာရှင်တို့၏ ကိုယ်စားလှယ်များ တက်ရောက်ခြင်းကို ငြင်းဆိုရန်။

၃။ မြန်မာပြည်သူများအပေါ် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖိနှိပ်တိုက်ခိုက်နေခြင်းကို လူသိထင်ရှား ပြစ်တင်ရှုံ့ချ၍ အပြစ်မဲ့ပြည်သူများ အကျိုးမရှိဘဲ စစ်အာဏာရှင်တို့ အမြတ်အစွန်းရရှိနေသည့် စီးပွား ရေးလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်နေမှုကို ဖျက်သိမ်းရန်။

၄။ နိုင်ငံတကာခုံရုံး (ICC) တွင် တာဝန်ယူ တာဝန်ခံရမည့် စစ်အာဏာရှင်များ ယခုကျူးလွန်နေသည့် လူ့ အခွင့် အရေးချိုးဖောက်မှုသည် စစ်ရာဇဝတ်မှုဖြစ်ကြောင်း အသိအမှတ်ပြုရန်။

၅။ မြန်မာစစ်အာဏာရှင်များအပေါ် တင်းကြပ်ပြီး သက်ရောက်မှုရှိသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ရန်။

**အလှူရှင်များသို့**

၁။ မြေပြင်တွင် လူသားချင်းစာနာသည့် အကူအညီပေးနေသည့် ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်၍ ရိက္ခာ၊ အမိုးအကာ၊ ဆေးဝါးများ အထိခိုက် အနစ်နာဆုံးသူများထံ ရောက်ရှိစေရန်။

၃။ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းယူရာတွင် နေ့စဉ်အန္တရာယ်ကြုံတွေ့နေပြီး လုံးဝမတည်ငြိမ်သည့် နိုင်ငံရေးအခြေအနေအောက်တွင် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းအား ဝန်ဆောင်မှုပေးနေသည့် အဖွဲ့ များ အရေးပေါ်လိုအပ်နေသည့် ရံပုံငွေများအတွက် လွယ်ကူရိုးရှင်းသည့် သတ်မှတ်ချက်များသာထားရှိ ရန်။

၃။ ရုံပုံငွေများအား လက်လှမ်းမီသည့် လမ်းကြောင်းများအား စီစဉ်ပေးရန်နှင့် ရုံပုံငွေ အရင်းအမြစ်များအတွက် ယှဉ်ပြိုင်နေရသည့် ဒေသခံအဖွဲ့အစည်းများ၏ ဝန်ထုတ်ဝန်ပိုးကို လျော့ချရန်အတွက် မြန်မာပြည်တွင်း သုံးစွဲသည့် သာသာစကားများနှင့် အံဝင်ဂွင်ကျဖြစ်စေမည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန်။

၄။ နယ်စပ်ဖြတ်ကျော် အကူအညီပေးရေး နည်းလမ်းများကို အကျိုးရှိရှိ အသုံးပြုပြီး ယုံကြည်စိတ်ချရသည့် ဒေသခံအရင်းအမြစ်နှင့် အဖွဲ့အစည်းများမှတဆင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ အာမခံချက်ရှိ ၍ လွတ်လပ်စွာ စီးဆင်းစေရန်။

၅။ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားသည့် ဒေသများတွင် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုကို ခံရသူများအတွက် ငွေကြေး၊ ရိက္ခာနှင့် ဝန်ဆောင်မှု အကူအညီများအား နည်းပေါင်းစုံသုံး၍ ကူညီထောက်ပံ့ရန်။

**ကုလသမဂ္ဂသို့**

၁။ တိုင်းပြည်တွင်း ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်မှုများအတွက် ကုလသမဂ္ဂမှ ထုတ်ပြန်ချက်ထုတ် ပြစ်တင်ရှုံ့ချခြင်းထက် ကျော်လွန်၍ အရေးယူဆောင်ရွက်ပြီး မြန်မာပြည်အား ထောက်ခံကူညီကြောင်း ပြသရန်။

၂။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာပြည်တွင်း ဆိုးရွားပြင်းထန်နေသည့် လူ့အခွင့်အရေးအခြေကို သိရှိလက်ခံသည့် အရေးယူ ဆုံးဖြတ်ချက်များ အလျင်အမြန်ချမှတ်ရန်၊ ပဋိပက္ခများကြောင့် ပျက်စီးနေသည့် နိုင်ငံများသို့ လက်နက်များ မဝင်ရောက်နိုင်စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ မှု ပိတ်ပင်ရေး ချမှတ်ရန်။

၃။ တာဝန်ယူ တာဝန်ခံမှု ရှိစေရေးအတွက် မြန်မာနိုင်ငံကိစ္စအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရန်နှင့် တရားဥပဒေစိုးမိုးရေးအထက်တွင် မည်သူမျှမရှိစေရေးအတွက် အရေးကြီးသည့် စီရင်ထုံးများ ချမှတ်ရန်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် - မြန်မာနိုင်ငံ

# စစ်ရာဇဝတ်မှုများအတွက် နိုးထလာခြင်း

မျက်နှာဖုံး ဓါတ်ပုံ



မန္တလေး အာဏာရှင်ဆန့်ကျင်ပြပွဲအတွင်း ဖမ်းဆီးခံထားရသည့် အမျိုးသားတစ်ဦး၏ဘေးတွင် ရပ်နေသောစစ်သားတစ်ဦး အားတွေ့ရစဉ်" [AFP]

https://www.nd-burma.org

https://www.facebook.com/theNDBurma

https://twitter.com/NDBurma